ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဖြို့ ၁၆ တွင် စတင်တည်ထောင်သည်။

e – paper ဖတ်ရှုရန်

ပညာရှိသူနှင့် ပညာမရှိသောသူ

စည်းစိမ်ဥစ္စာတို့သည် ပညာမရှိသောသူကို ဖျက်ဆီးတတ်ကုန်၏။ သံသရာ၏ ထိုမှာဘက်ကမ်း (နိဗ္ဗာန်)ကို ရှာကုန်သော ပညာရှိတို့ကိုကား မဖျက်ဆီးတတ်ကုန်၊ ပညာမရှိသောသူသည် စည်းစိမ်ဥစ္စာကို တပ်မက်သဖြင့် သူတစ်ပါးတို့ကို ဖျက်ဆီးသကဲ့သို့ မိမိကိုယ်ကို ဖျက်ဆီးတတ်၏။

တဏှာဝဂ် (ဓမ္မပဒ-၃၅၅)

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက် ဗုဒ္ဓဟူးနေ့။ Wednesday, 4 November 2026 ၁၂၃၂



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ကျင်းပစဉ်။

ဒီဇယ်ဆီနှင့် သဘာဝဓာတ်ငွေ့ရည်အပေါ် အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တို့ကို ထပ်မံတိုးမြှင့်ခွင့်ပြု

နေပြည်တော် နိဝင်ဘာ ၃

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ခြင်ဆီကင်ဆာရောဂါလူနာငါးဦးအား ခြင်ဆီအစားထိုးကုသခြင်း အောင်မြင်စွာဆောင်ရွက်

ရန်ကုန် နိဝင်ဘာ ၃

ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ပံ့ပိုးမှုများဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး သွေးရောဂါအထူးကုဌာန၊ ခြင်ဆီအစားထိုးဌာန (Bone Marrow Transplant Center) သို့ ၂၀၂၆ ခုနှစ် စက်တင်ဘာလအတွင်းက ဆေးရုံတက်ရောက်ခဲ့သော ခြင်ဆီကင်ဆာ လူနာငါးဦးအား ခြင်ဆီအစားထိုးကုသခြင်းကို အောင်မြင်စွာဆောင်ရွက်ခဲ့ရာ လူနာများ အားလုံးမှာ ကျန်းမာရေးကောင်းမွန်သဖြင့် အောက်တိုဘာ ၂၆ ရက်တွင် ဆေးရုံဆင်းခွင့် ရရှိပြီးဖြစ်သည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ○



ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ စက်တင်ဘာလအတွင်း ခြင်ဆီအစားထိုးကုသမှု ဆောင်ရွက်စဉ်။

လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲ၏ ဖိတ်ကြားချက်အရ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

စာမျက်နှာ » ၄

KNU၊ KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက မြန်မာ-ထိုင်းနှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကို ထိခိုက်စေရန် ရည်ရွယ်လုပ်ဆောင်နေမှုအပေါ် သတင်းထုတ်ပြန်ချက်

နေပြည်တော် နိဝင်ဘာ ၃

မြန်မာ့တပ်မတော်အနေဖြင့် ထိုင်းနိုင်ငံနှင့် ကာလရှည်ကြာသော မိတ်ဆွေဖက်ချစ်ကြည်ရင်းနှီးမှုရှိပြီး တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်လျက်ရှိသည်နှင့်အညီ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေလုံခြုံရေး လုပ်ငန်းများကို အစဉ်တစိုက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို မလိုလားသော KNU၊ KNLA အပါအဝင် CRPH၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအနေဖြင့် နယ်စပ်ဒေသများတွင် နှစ်နိုင်ငံပြည်သူများထိခိုက်စေရန် အကြမ်းဖက်တိုက်ခိုက်ခြင်း၊ တရားမဝင်လုပ်ငန်းများ လုပ်ကိုင်ခြင်းတို့အပြင် ပြည်သူများ အထင်အမြင်လွဲမှားမှုများ ဖြစ်ပေါ်စေရန် နည်းလမ်းမျိုးစုံဖြင့် အွန်လိုင်းမီဒီယာများတွင် ကောလာဟလသတင်းများ ပျံနှံ့အောင် လုပ်ဆောင်နေကြောင်း တွေ့ရှိရသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✱

ကြိုတင်ပြင်ဆင်ထားရမည့် သောက်သုံးရေနှင့် စူပါအယ်လ်နီညို

ဆောင်းပါး စာမျက်နှာ » ၈

ဆိုင်ကလုန်းမုန်တိုင်း မူရာစု ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် အားလျော့သွားမည်

နေပြည်တော် နိဝင်ဘာ ၃

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ပြည်နယ် ကုန်းတွင်းပိုင်းဒေသများကို ဖြတ်ကျော်ခဲ့သော အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း မူရာစုသည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဆိုင်ကလုန်းမုန်တိုင်း မူရာစု အဖြစ်သို့ အားလျော့သွားခဲ့ပြီးဖြစ်သည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း မူရာစုသည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ကုန်းတွင်းမုန်တိုင်းငယ်အဖြစ်သို့ အားလျော့သွားမည်ဟု ခန့်မှန်းရသည်။

မိုး/၈လ

ရေလွှမ်းထိခိုက်ပျက်စီးခဲ့သည့် စိုက်ပျိုးမြေများတွင် ပဲမျိုးစုံပြန်လည်စိုက်ပျိုးနိုင်ရန် ဒီဇယ်ဆီနှင့် မျိုးစေ့များ ထောက်ပံ့ပေးအပ်



ပုသိမ် နိဝင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်ရှိ ဝေနံတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှုဖြစ်ပွားကာ ရေကျော်စီးဝင်၍ ရေလွှမ်းထိခိုက်ပျက်စီးခဲ့သည့် စိုက်ပျိုးမြေများတွင် ပဲမျိုးစုံပြန်လည်စိုက်ပျိုးနိုင်ရန် အတွက် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ဒီဇယ်ဆီနှင့် မျိုးစေ့များအခမဲ့ထောက်ပံ့ပေးလျက်ရှိသည်။

ထိုသို့ ထောက်ပံ့ပေးလျက်ရှိရာ ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ဆီဆုံကုန်းကျေးရွာအုပ်စုအတွင်း ရေကြီးနစ်မြုပ်ခဲ့သည့် လယ်မြေများတွင်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖

တိုင်းပြည်စားရေရိက္ခာဖူလုံပို့လျှံရေး စိုက်ပျိုးရေးကို စနစ်တကျထိန်းသိမ်း

မြန်မာနိုင်ငံတွင် လူဦးရေ သန်းပေါင်း ၅၀ ကျော်ရှိပြီး ၇၀ ရာခိုင်နှုန်းသော ပြည်သူများသည် ကျေးလက်ဒေသများတွင် နေထိုင်ကြသည်။ အဆိုပါပြည်သူများသည် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသော ကုန်ထုတ်လုပ်ငန်းများတွင် လုပ်ကိုင်လျက်ရှိကြသည်။ မြန်မာနိုင်ငံတွင် လယ်၊ တောင်ယာ၊ ယာစသည့် စုစုပေါင်း စိုက်ပျိုးမြေကော ၃၃ သန်းကျော်ရှိသည်။ ၈ပါးစိုက်ဧက ၁၅ သန်း၊ ပြောင်းစိုက်ဧက ၁ ဒသမ ၉ သန်း၊ ပဲမျိုးစုံစိုက်ဧက ၂ ဒသမ ၇ သန်းနှင့် နှမ်းစိုက်ဧက လေးသန်းစသည့် စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် စားရေရိက္ခာဖူလုံရေးနှင့် တိုင်းပြည်သာယာဝပြောရေးဟူသည့် အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးရေးလုပ်ငန်းများတွင် တစ်ဧကပန်းတိုင်ရည်မှန်းချက်များ ပြည့်မီစေရေး မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတစ်ဝန်းလုံး သုတေသနပြုထားသည့်အချက်အလက်များနှင့် နိုင်ငံတကာမှ သုတေသနပြုထားသည့် အချက်အလက်များကိုနှိုင်းယှဉ်သုံးသပ်၍ စနစ်တကျတွက်ချက်ပြီး ပန်းတိုင်ရည်မှန်းချက်ကို ချမှတ်ထားခြင်းဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းများတွင် မျိုး၊ မြေ၊ ရေ နည်း စသည့် နည်းလမ်းလေးသွယ်ဖြင့် ထိထိရောက်ရောက် ဟန်ချက်ညီညီ ဆောင်ရွက်မည်ဆိုပါက စိုက်ပျိုးရေးကိုအခြေခံသည့် ပြည်သူများ လူမှုစီးပွားမြင့်မားတိုးတက်လာပြီး စားရေရိက္ခာဖူလုံရေးကို များစွာအထောက်အကူပြုမည်ဖြစ်သည်။

လက်ရှိအခြေအနေတွင် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ထိခိုက်မှုများရှိနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ အပူရှိန်ပြင်းထန်မှုကြောင့် မြေပေါ်ရေ၊ မြေအောက်ရေများခန်းခြောက်နိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ ရေလုံလောက်စွာရရှိရေးအတွက် နိုင်ငံတော်အစိုးရက ပြင်ဆင်ဆောင်ရွက်လျက်ရှိသလို ပြည်သူများကလည်း ပူပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ မိုးရွာသွန်းမှုမှ ရရှိသည့်ရေ၊ ချောင်းရေ၊ မြောင်းရေနှင့် မြစ်ရေ၊ ဆည်မြောင်းတာတမံများမှ ရရှိသည့်ရေနှင့် မြေအောက်ရေများကို နိုင်ငံတော်အတွက် အကျိုးရှိစွာအသုံးချနိုင်ရေး မည်သို့ဆောင်ရွက်သွားရမည်ကို မူဝါဒများချမှတ်၍ လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုသည်။

ရေအသုံးချမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံရှိ မြစ်ချောင်းများမှ ရေများ၏ ၂၀ ရာခိုင်နှုန်းခန့်ကိုသာ အကျိုးရှိရှိ သုံးစွဲနိုင်သည်ကို တွေ့ရသည်။ ကျန်ရှိသည့် ၈၀ ရာခိုင်နှုန်းမှာ ပင်လယ်အတွင်းသို့ စီးဆင်းသွားခြင်းဖြစ်သည်။ အပင်များရှင်သန်ကြီးထွားရန်အတွက် ရေကိုမဖြစ်မနေလိုအပ်လျက်ရှိသည်။ ထို့ကြောင့် မြစ်ချောင်းများမှ စိုက်ပျိုးရေများရရှိရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်စိမ်ကန်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည်။ စိုက်ပျိုးရေလုံလောက်စွာရရှိမည်ဆိုပါက သီးနှံများကို ရာသီမရွေး၊ အခြေအနေမရွေး အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်ပြီး သီးထပ်စွမ်းအားများလည်း တိုးတက်လာမည်ဖြစ်သည်။ လက်ရှိအခြေအနေတွင် စိုက်ပျိုးရေးလုပ်ငန်းများကို ပုံမှန်အတိုင်းသာဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးရေးအတွက် ရေအခက်အခဲရှိလာနိုင်သဖြင့် သဘာဝအတိုင်း ရှိထားပြီးရေများကို စနစ်တကျ အသုံးပြုနိုင်အောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။

မြစ်ချောင်းများတွင် နှစ်စဉ် ရေကြီးရေလျှံမှုများနှင့် ရေစီးကြောင်းပြောင်းလဲမှုများကြောင့် နုန်းအနယ်ပို့ချမှုများဖြစ်ပေါ်ကာ မြစ်ချောင်းကြမ်းပြင်များ မြင့်တက်လာခြင်းနှင့် အချို့နေရာများတွင် တရားမဝင်ရွှေတူးဖော်ခြင်းများ ဆောင်ရွက်ခြင်းကြောင့် နုန်းတင်ခြင်းများဖြစ်ပေါ်ပြီး မြစ်ချောင်းများ တိမ်ကောခြင်းများဖြစ်ပေါ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် မြစ်ချောင်းများ ပြန်လည်ဆယ်တင်ခြင်းနှင့် ရေလမ်းကြောင်းထိန်းသိမ်းခြင်းလုပ်ငန်းများကို မပြတ်ဆောင်ရွက်ရမည်ဖြစ်သည်။ ပူပြင်းသောနွေရာသီကာလတွင် စိုက်ပျိုးရေရရှိရန်အတွက် ချောင်းပိတ်၊ မြောင်းပိတ်၊ ရေလှောင်ကန်များတည်ဆောက်ခြင်း၊ သဲချောင်းများတွင် မြေအောက်တမံများတည်ဆောက်ခြင်းတို့ကို ဆောင်ရွက်နိုင်သကဲ့သို့ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ချောင်းမြောင်းများ ပတ်ဝန်းကျင်တွင် စိမ်းလန်းစိုပြည်လာပြီး မြေအောက်ရေကို ထိုက်သင့်သလောက် အသုံးပြုနိုင်မည်ဖြစ်သည်။

ယခုအခါ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ယခုကာလများတွင် အပူရှိန်ပြင်းထန်မှုများ မြင့်တက်လာမည်ဖြစ်ရာ အဓိကအားဖြင့် ရေကို အကျိုးရှိစွာသုံးစွဲနိုင်ရေး နည်းလမ်းများ ရှာဖွေဆောင်ရွက်သွားရန် လိုအပ်သည်။ သစ်ပင်များကို စနစ်တကျ စိုက်ပျိုးထိန်းသိမ်းခြင်းသည် သဘာဝအတိုင်း ရေကို စုဆောင်းသိုလှောင်ပြီး ချွေတာရရောက်သည့်အတွက် သစ်ပင်များကို စနစ်တကျ စိုက်ပျိုးထိန်းသိမ်းရန် လိုသည်။ ခြောက်သွေ့မှုဒဏ်ခံနိုင်သောအပင်များ ရွေးချယ်စိုက်ပျိုးပြီး ရေနည်းနည်းဖြင့် ရှင်သန်သည့်စိုက်ပျိုးနည်းစနစ်ကို ရွေးချယ်ရမည်ဖြစ်သည်။ မလွန်ဆန်နိုင်သည့်သဘာဝတရားကို ကျော်ဖြတ်ရန်အတွက် ရေကို စနစ်တကျသိုလှောင်ခြင်း၊ စနစ်တကျသုံးစွဲခြင်းတို့ကို ဖန်တီးကြရမည်ဖြစ်သည်။ ရေကို အဟောသိကံသုံးစွဲမှုမရှိစေရေး ရေသုံးစွဲမှု၊ ထိန်းသိမ်းမှုကောင်းမွန်စေရန် ဟန်ချက်ညီညီ နည်းစနစ်တကျ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

ကြေးမုံ

ကျိုက်ထိုမြို့နယ် ကျေးရွာနှစ်ရွာ၌ သောက်သုံးရေများ စနစ်တကျသုံးစွဲရေး အသိပညာပေး

ကျိုက်ထို နိုဝင်ဘာ ၃

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျိုက်ပိကျေးရွာနှင့် ကော့ထင်းကျေးရွာ၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေပြတ်လပ်မှုမရှိစေရေးနှင့် သောက်သုံးရေများအား စနစ်တကျသုံးစွဲရေး အသိပညာပေးခြင်းကို ယမန်နေ့နှစ်ကုဝိုင်းတွင် အဆိုပါကျေးရွာများ၌ ပြုလုပ်သည်။

ဦးစွာ ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ကျရောက်လာနိုင်သည့် အခြေအနေများ၊ အကျိုးသက်ရောက်နိုင်မှုများ၊ ကြိုတင်ပြင်ဆင်ရမည့်အချက်များနှင့် ဖြစ်ပေါ်လာပါက တုံ့ပြန်ရမည့် အချက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးက အယ်လ်နီညိုရာသီဥတု အခြေအနေကြောင့် အပူချိန်မြင့်တက်ခြင်းနှင့် ရေအရင်းအမြစ်များ လျော့နည်းလာနိုင်ခြင်းတို့ဖြစ်ပေါ်နိုင်သဖြင့် ကျေးလက်နေပြည်သူများအနေဖြင့် ရေကိုအလေအလွင့် မရှိ စနစ်တကျအသုံးပြုရန်နှင့် ရေအရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်ရန် လိုအပ်ကြောင်း၊ ရေရှားပါးမှုဖြစ်ပေါ်လာနိုင်သည့်အတွက် သောက်သုံးရေကို ကြိုတင်စုဆောင်းထားရှိခြင်း၊ ရေသိုလှောင်ကန်များကို သန့်ရှင်းစွာထိန်းသိမ်းထားရှိခြင်းနှင့် ရေကိုလိုသလောက်သာ သုံးစွဲခြင်းတို့ကိုဆောင်ရွက်ရန် အသိပညာပေးရှင်းလင်းဆွေးနွေးပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

သုတ

အင်အားအနည်းငယ်ရှိသော မြေလျင်တစ်ခုလှုပ်ရှား

နေပြည်တော် နိုဝင်ဘာ ၃

ယနေ့နံနက် ၁၁ နာရီ ၅၃ မိနစ် ၄၃ စက္ကန့်တွင် တမူးမြေလျင်စခန်းမှ တောင်-အရှေ့တောင်ဘက် ၅၆ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မော်လိုက်မြို့၏ တောင်ဘက် ၁၅ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၃ ဒသမ ၄၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၃၈ ဒီဂရီ၊ အနက် ၁၃၁ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၄ ဒသမ ၅ (M) အဆင့်ရှိအင်အား အနည်းငယ်ရှိသော မြေလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

(၃-၁၁-၂၀၂၆)ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၅၅ ~ ၃၆၇၁	၅၅၅.၃ ~ ၅၅၈.၇	၁၂၅.၃ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၇,၃၅၁,၈၂၉.၈၀	၂,၁၀၂,၂၅၈.၂၀	၂၂,၃၄၆,၉၂၁.၇၇	

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၃ - ၁၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၇၀၅၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၃ - ၁၁ - ၂၀၂၆

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အဝိတ်ဈေး (ကျပ်)	ရွယ်ယာစောင်ရေ	ရွယ်ယာတန်ဖိုး (ကျပ်)
FMI	၂၀,၀၀၀	၂၀,၀၀၀	၃၀၀	၆,၀၀၀,၀၀၀
MTSH	၈,၃၀၀	၈,၇၀၀	၁၁,၇၆၂	၁၀၁,၁၄၅,၅၀၀
MCB	၁၂,၅၀၀	၁၂,၅၀၀	၅၃၀	၆,၆၂၅,၀၀၀
FPB	၆,၉၀၀	၆,၇၀၀	၁၀၁	၆၇၆,၉၀၀
TMH	၂,၈၅၀	၃,၀၅၀	၁၄၂	၄၀၅,၀၅၀
EFR	၁,၅၅၀	၁,၆၀၀	၄,၁၆၉	၆,၄၆၅,၀၅၀
AMATA	၄,၃၀၀	၄,၃၀၀	၀	၀
MAEX	၆,၄၀၀	၆,၃၀၀	၂၀၀	၁,၂၆၅,၀၀၀
MADPL(PLB)	၆,၀၀၀	၆,၁၀၀	၄၃၅	၂,၆၂၀,၀၀၀
ASPGB(PLB)	၅,၅၀၀	၅,၆၀၀	၁,၄၁၇	၇,၇၉၈,၅၀၀

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ရေကြည်လင်မှ စိတ်အေးချမ်း၊ ရေချိုထိန်းမှ ကမ္ဘာစိမ်းလန်း

ကြေးမုံ

စာတည်းမှူးချုပ်	- ဝင်းနိုင်	အကြီးတန်း	- ခင်မိုမိုအောင်၊
စာတည်းမှူး	- အေဝမ်းစိုး	သတင်းထောက်များ	ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊
စာတည်းများ	- စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်၌၊ နိုင်လင်းကြည်	အယ်ဒီတန်း သတင်းထောက်များ	- အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
		သုတေသန	- ဇင်မာဝင့်
		စာပြင်	- ခင်နှင်းယုနှင့်အဖွဲ့
ဘာသာပြန်	- အောင်ကျော်ကျော်၊ စိုးသူရ	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- နီလာစိုးနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ဒေစာရင်း ၀၁-၂၉၁၄၇၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရွှေဖိုးမှ

အခန်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဌေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်တတိယပုံမှန်အစည်းအဝေး အ၌မနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၄၅ ဦး တက်ရောက်သဖြင့် ၉၇ ဒသမ ၃၂ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ဦးစွာ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော စာကိုမှန်နှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအား စာကိုမှန်နှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန အမည်ပြောင်းလဲသတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားလှယ် အမှတ် (၁၁) ဦးစိုးကြည်က စာကိုမှန်နှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် နိုင်ငံစီးပွားရေး၏ အခြေခံအုတ်မြစ်ဖြစ်ပါကြောင်း၊ အထူးသဖြင့် ပြည်တွင်း၌ ထုတ်လုပ်နိုင်သည့် ကုန်ပစ္စည်းများကို ပြည်ပမှ တင်သွင်းသုံးစွဲနေရမှု လျော့နည်းစေပြီး ပြည်တွင်းစီးပွားရေးလည်ပတ်မှုကို အားကောင်းစေမည်ဖြစ်သဖြင့် ဝန်ကြီးဌာနအမည်တွင် MSME ကဏ္ဍာကို ပိုမိုထင်ရှားစွာ ထည့်သွင်းသတ်မှတ်ခြင်းကို အပြည့်အဝထောက်ခံပါကြောင်း ဆွေးနွေးသည်။

သီပေါမဲဆန္ဒနယ်မ ဦးကောင်းသက်စံက နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် သယံဇာတပေါကြွယ်ဝရုံဖြင့် မပြည့်စုံနိုင်ဘဲ အရင်းအမြစ်များကို တန်ဖိုးမြှင့်ထုတ်လုပ်နိုင်သည့် စက်မှုနှင့် နည်းပညာစွမ်းအားအပေါ် မူတည်နေကြောင်း၊ ထို့ကြောင့် ပြည်တွင်းကုန်ကြမ်းများကို ကုန်ချော အဖြစ် ထုတ်လုပ်နိုင်ရေး၊ စက်မှုလက်မှုလုပ်ငန်းများ တိုးချဲ့ရေးနှင့် ထုတ်လုပ်မှုစွမ်းအား မြှင့်တင်ရေးတို့သည် နိုင်ငံတော်စီးပွားရေးကို ခိုင်မာစေသည့် အရေးပါသောလုပ်ငန်းစဉ်များဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာပါက အလုပ်အကိုင်၊ မိသားစုဝင်ငွေနှင့် ပြည်သူတို့၏ လူမှုစီးပွား အဆင့်အတန်းများ မြင့်မားလာမည်ဖြစ်ကြောင်းနှင့် ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို အပြည့်အဝထောက်ခံပြီး နိုင်ငံတော်သမ္မတပေးပို့လာသည့်အတိုင်း ဝန်ကြီးဌာန အမည်ပြောင်းလဲသတ်မှတ်နိုင်ရေး ထောက်ခံဆွေးနွေးသည်။

ဒဂုံမြို့သစ်(အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်အေးအေးမြင့်က အဖွဲ့အစည်းတစ်ခု၏ အမည်သည် အုပ်ချုပ်ရေးဆိုင်ရာ သတ်မှတ်ချက်သာမက ပြည်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများအကြား အပြန်အလှန်ဆက်သွယ်ရေးအတွက်ပါ အလွန်အရေးပါကြောင်း၊ ထို့ကြောင့် ယခုအမည်ပြောင်းလဲသတ်မှတ်ခြင်းသည် မြန်မာသဒ္ဒါအထားအသိုနှင့် နိုင်ငံတကာဝေါဟာရအသုံးအနှုန်းတို့အရ ပိုမိုတိကျရှင်းလင်းစေရန် ရည်ရွယ်သည့် လိုအပ်သော ပြင်ဆင်မှုတစ်ရပ်ဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသဘောတူညီချက်ပေးနိုင်ပါရန် ဆွေးနွေးသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ **တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ်(၁၀) ဦးသန်းအေး(ခ) ဦးတင်ဦးနှင့် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားလှယ် အမှတ် (၉) ဦးရန်နိုင်ဦးတို့က** ဆက်လက်ဆွေးနွေးကြသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဌာန ဒေါက်တာချာလီသန်းက ယနေ့ ပြည်ထောင်စုလွှတ်တော်သို့ ရှင်းလင်းတင်ပြလိုသည့်ကိစ္စမှာ လက်ရှိ "စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန"ဟူသော အမည်အား "စက်မှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန"ဟု ပြင်ဆင်သတ်မှတ်နိုင်ရေးကိစ္စ ဖြစ်ပါကြောင်း။

လက်ရှိ ဝန်ကြီးဌာနအမည်မှာ "စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန" ဖြစ်ပြီး ပြင်ဆင်အဆိုပြုထားသည့် အမည်မှာ "စက်မှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန" ဖြစ်ပါကြောင်း၊ လက်ရှိအမည်တွင် "အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ"ဟု ဖော်ပြထားသည့်အတွက် စီးပွားရေးလုပ်ငန်းများကို သီးခြားစတုဏ္ဍအမျိုးအစားတစ်ခုအဖြစ် အဓိပ္ပာယ်ကောက်ယူနိုင်သည့် အခြေအနေရှိပါကြောင်း၊ ပြင်ဆင်အဆိုပြုအမည်တွင် "အသေးစား၊ အငယ်စား နှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ"ဟု ဖော်ပြခြင်းဖြင့် စီးပွားရေးလုပ်ငန်းများကို အရွယ်အစား အလိုက် ခွဲခြားသတ်မှတ်ထားသည့် အမျိုးအစား သုံးရပ်အဖြစ် ရှင်းလင်းစွာ ဖော်ပြနိုင်မည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ လက်ရှိ "စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန"ဟူသော အမည်အား "စက်မှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန"ဟု ပြင်ဆင်သတ်မှတ်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၂၀၂ ပုဒ်မခွဲ(က)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရရှိနိုင်ပါရန် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ယင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောတူညီချက်ရယူရာ သဘောမတူသူမရှိသဖြင့် အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် **ဒီဇယ်ဆီ HSD(500 ppm)နှင့် သဘာဝဓာတ်ငွေ့ရည်(LNG) အပေါ် အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တို့ကို (နိုဝင်ဘာလ) ၁ ရက ထပ်မံတိုးမြှင့် ခွင့်ပြုနိုင်ရေးကိစ္စ** နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်က ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ဖြစ်ပွားခဲ့သည့် အရှေ့အလယ်ပိုင်းဒေသပဋိပက္ခများ ငြိမ်သက်ခြင်းမရှိသေးဘဲ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည့်အတွက် အခြားဒေသတွင်း နိုင်ငံများနည်းတူ နိုင်ငံတော်အစိုးရအနေဖြင့် အခြေခံစားသောက်ကုန်နှင့် ကုန်စည်စျေးနှုန်းများ တည်ငြိမ်မှုရှိစေရေး၊ လျှပ်စစ်ဓာတ်အားပေး စက်ရုံများအတွက် ဓာတ်အားထုတ်လုပ်မှု စရိတ်လျော့ကျစေရေးနှင့် အများပြည်သူအတွက် ဓာတ်အားခ မြင့်တက်မှုမရှိစေရေး ထိန်းညှိဆောင်ရွက်ပေးရန် လိုအပ်နေဆဲဖြစ်ပါကြောင်း။

စိုက်ပျိုးရေး၊ ကုန်စည်ပို့ဆောင်ရေးနှင့် ကုန်ထုတ်လုပ်မှု ကဏ္ဍများတွင် အဓိကအများဆုံးအသုံးပြုရသည့် ဒီဇယ်ဆီ HSD (500ppm)အပေါ် ကောက်ခံသည့် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်တို့ကို ၂၀၂၆ ခုနှစ် ဧပြီ ၁ ရက်မှစတင်၍လည်းကောင်း၊ သဘာဝဓာတ်ငွေ့ရည်(LNG)အပေါ် ကောက်ခံသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ၂၀၂၆ ခုနှစ် မေ ၁ ရက်မှစတင်၍လည်းကောင်း ကင်းလွတ်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုလွှတ်တော်သို့ တင်ပြဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အရှေ့အလယ်ပိုင်းဒေသပဋိပက္ခအခြေအနေ၊ ကမ္ဘာ့လောင်စာဆီစျေးနှုန်း အတက်အကျအခြေအနေ၊ ပြည်တွင်းဒီဇယ်ဆီနှင့် သဘာဝဓာတ်ငွေ့ရည်စျေးနှုန်း အခြေအနေ၊ အခြေခံစားသောက်ကုန် ကုန်စည်စျေးနှုန်းများအခြေအနေ၊ နိုင်ငံတော်၏ ဘဏ္ဍာငွေလိုအပ်ချက်နှင့် အခွန်အကောက်ရရှိငွေများ အခြေအနေတို့ကို လစဉ်သုံးသပ်ဆောင်ရွက်လျက်ရှိရာ ဒီဇယ်ဆီအပေါ် အထူးကုန်စည်ခွန်နှုန်း ကုန်သွယ်လုပ်ငန်းခွန်၊ သဘာဝဓာတ်ငွေ့ရည်အပေါ် ကုန်သွယ်လုပ်ငန်းခွန်တို့ကို နိုဝင်ဘာလအတွက် (၁)လ ထပ်မံတိုးမြှင့်ကင်းလွတ်ခွင့်ပြုရန် လိုအပ်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ဒီဇယ်ဆီ HSD (500 ppm) အပေါ် အထူးကုန်စည်ခွန်နှုန်းနှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်နှုန်း သဘာဝဓာတ်ငွေ့ရည်(LNG) အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တို့ကို ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁ ရက်နေ့မှ ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၃၀ ရက်နေ့အထိ (၁)လ ထပ်မံတိုးမြှင့်၍ ကင်းလွတ်ခွင့်ပြုပေးနိုင်ရေးအတွက် ၂၀၂၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၃၇ နှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ **ဒီဇယ်ဆီ HSD(500 ppm)နှင့် သဘာဝဓာတ်ငွေ့ရည်(LNG) အပေါ် အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တို့ကို (အောက်တိုဘာလနှင့် နိုဝင်ဘာလ) ထပ်မံတိုးမြှင့်ခွင့်ပြုနိုင်ရေးကိစ္စ**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မကွေးတိုင်းဒေသကြီး ကိုယ်စားလှယ် အမှတ် (၁၂) ဒေါ်ခင်ဆွေက အခွန်ကင်းလွတ်ခွင့်ပေးခြင်းသည် နိုင်ငံတော်၏ ဘဏ္ဍာငွေအချို့ကို စွန့်လွှတ်ပေးခြင်းဖြစ်ရာ အဆိုပါအကျိုးကျေးဇူးများ ပြည်သူများထံ အမှန်တကယ် ရောက်/မရောက် စီစစ်သုံးသပ်ရန် သက်ဆိုင်ရာဌာနများတွင် တာဝန်ရှိကြောင်း၊ စက်သုံးဆီရရှိမှုနှင့် ဖြန့်ဖြူးမှုအခက်အခဲများ၊ လုပ်ငန်းရပ်ဆိုင်းရမှုနှင့် တရားမဝင် ရောင်းချမှုတိုင်ကြားချက်များအပေါ် ကြီးကြပ်ဆောင်ရွက်ရန် အရေးကြီးပြီး ရန်ကုန်၊ မန္တလေးတို့တွင် ရှောင်တခင်စစ်ဆေးမှုများ ရှိသော်လည်း အခြားတိုင်းနှင့်ပြည်နယ် မြို့ကြီးများတွင် စစ်ဆေးအရေးယူမှု မရှိသလောက်တွေ့မြင်နေရသဖြင့် ပြည်သူ့အကျိုးခံစားခွင့်ကို အဓိကထား၍ ကြီးကြပ်စစ်ဆေးမှု၊ တာဝန်ခံမှု ခိုင်မာစေမည့်အစီအမံများဖြင့် ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ထောက်ခံဆွေးနွေးသည်။

သံတောင်ကြီး မဲဆန္ဒနယ်မှ ဦးစောဟေသာကြီးက အစိုးရအနေဖြင့် အခွန်ကင်းလွတ်ခွင့်ပေးလိုက်ခြင်းနှင့်ပတ်သက်၍ တင်သွင်းသူများ၊ ဖြန့်ဖြူးသူများနှင့် လက်လီရောင်းချသူများအထိ စာရင်းဇယားများကို တစ်ဆင့်ခြင်း စစ်ဆေးကြပ်မတ်ရန် လိုအပ်ပါကြောင်း၊ အစိုးရ၏ အခွန်ကင်းလွတ်ခွင့်ပေးခြင်း၏ အကျိုးကျေးဇူးသည် ပြည်သူများထံ မရောက်ရှိပါက အစိုးရ၏ မူဝါဒကို ပြန်လည်သုံးသပ်ရမည်ဖြစ်ပါကြောင်း၊ သဘာဝဓာတ်ငွေ့ရည်အပေါ် အခွန်ကင်းလွတ်ခွင့်ပေးခြင်းသည် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ခြင်းဖြစ်သည့်အတွက် အမှန်တကယ် လျှပ်စစ်ဓာတ်အားမည်မျှ ထုတ်လုပ်နိုင်ခဲ့သည်ကို တိုင်းတာသင့်ပါကြောင်း၊ သို့ဖြစ်ပါ၍ ဒီဇယ်ခွန် သဘာဝဓာတ်ငွေ့ရည် အပေါ် အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တိုးမြှင့်ပေးခြင်းသည် ပြည်သူများ၏ စားဝတ်နေရေး၊ စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်မှုနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအတွက် အထောက်အကူဖြစ်စေသည် ဖြစ်သောကြောင့် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင်က ဒီဇယ်ဆီနှင့် LNG သည် စိုက်ပျိုးရေး၊ သယ်ယူပို့ဆောင်ရေး၊ စက်မှုနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအတွက် မရှိမဖြစ် စွမ်းအင်ဖြစ်သဖြင့် အခွန်သက်သာခွင့်ပေးခြင်းကို နားလည်သော်လည်း အခွန်ကင်းလွတ်ခွင့်ပေးခြင်းနှင့် ပြည်သူများ အမှန်တကယ် အကျိုးခံစားရခြင်းသည် တစ်ထပ်တည်းမဟုတ်ပါကြောင်း၊ တင်သွင်းသူများ ဘက်တွင် ကုန်ကျစရိတ်လျော့ကျနိုင်သော်လည်း ပြည်တွင်း လက်ကားစျေး၊ လက်လီစျေး၊ သယ်ယူပို့ဆောင်ခနှင့် အခြေခံစားသောက်ကုန် စျေးနှုန်းများတွင် အမှန်တကယ် လျော့ကျသွားခြင်း ရှိ၊ မရှိ စိစစ်ရန်လိုအပ်ကြောင်းနှင့် အခွန်ကင်းလွတ်ခွင့်ရရှိသည့် စွမ်းအင်များ သတ်မှတ်လုပ်ငန်းကဏ္ဍသို့ အမှန်တကယ်ရောက်ရှိမှု ရှိ၊ မရှိ၊ တရားမဝင် စျေးကွက်စီးဆင်းမှုမရှိစေရေးကြပ်မတ်ရန်နှင့် အကျိုးရလဒ်များကို လွှတ်တော်သို့ ပြန်လည်တင်ပြသည့် စနစ်ထားရှိသင့်ကြောင်း ဆွေးနွေးသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ **ကြည့်မြင်တိုင် မဲဆန္ဒနယ်မှ ဦးခင်လှိုင်နှင့် မကွေးတိုင်းဒေသကြီး ကိုယ်စားလှယ် အမှတ်(၁) ဦးအောင်လှထွေး**တို့က ဆက်လက်ဆွေးနွေးကြသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်ထင်က နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးရေး၊ ကုန်စည်ပို့ဆောင်ရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍများတွင် အဓိကအသုံးပြုရသည့် ဒီဇယ်ဆီ HSD (500 ppm) ကို ကုန်စျေးနှုန်းတည်ငြိမ်စေရန်၊ အများပြည်သူအတွက် လျှပ်စစ်ဓာတ်အားစျေးနှုန်းမြင့်တက်မှုမရှိစေရန်၊ ကုန်ထုတ်လုပ်မှုစရိတ် လျော့ချနိုင်ရန်နှင့် အခြေခံပြည်သူလူထု၏ လူမှုစီးပွားဘဝ အဆင်ပြေချောမွေ့စေရေးကို အဓိက ဦးတည်ပြီး ဒီဇယ်ဆီ HSD (500 ppm) နှင့် သဘာဝဓာတ်ငွေ့ရည်(LNG)တို့အပေါ် အခွန်ကင်းလွတ်ခွင့်ပေးခြင်း ဖြစ်ပါကြောင်း၊ ကုန်စျေးနှုန်းကြီးမြင့်ရသည့် အကြောင်းရင်းများစွာရှိသည့်အနက် အခွန်ကောက်ခံမှုကြောင့် ကုန်စျေးနှုန်းကြီးမြင့်မှုကို လျော့ချနိုင်ရန်နှင့် အခွန်၏သက်ရောက်မှုနည်းပါးစေရန်အတွက် အခွန်ကင်းလွတ်ခွင့်ပြုရန် တင်ပြဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း။

ပြည်ပမှတင်သွင်းလာသည့် စက်သုံးဆီများကို စျေးနှုန်းသတ်မှတ်ရာတွင်လည်း သက်ဆိုင်ရာဝန်ကြီးဌာနက အခွန်မပါသည့်စျေးနှုန်းဖြင့်သာ သတ်မှတ်၍ ပြည်တွင်းသို့ ပြန်လည်ဖြန့်ဖြူးရောင်းချစေခြင်းဖြင့် အခွန်ကောက်ခံမှုကြောင့် စက်သုံးဆီစျေးနှုန်းမြင့်တက်မှုမရှိစေရန် သက်ဆိုင်ရာ ကော်မတီများက ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ဒီဇယ်ဆီ HSD (500 ppm) အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်နှင့် သဘာဝဓာတ်ငွေ့ရည်(Liquefied Natural Gas–LNG)အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တို့ကို ၂၀၂၆ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလတို့အတွက် (၂)လထပ်မံ၍ တိုးမြှင့်ခွင့်ပြုနိုင်ရေး ၂၀၂၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေပုဒ်မ ၃၇ နှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် ပြန်လည်ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ ဆန္ဒမဲရယူရာ ထောက်ခံမဲ ၄၆၁ မဲ၊ ကန့်ကွက်မဲ ၃၀ နှင့် ကြားနေမဲ ၃၄ မဲရရှိပြီး ထောက်ခံဆန္ဒမဲများသည့်အတွက် သဘောတူ အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် **ပလက်ဝ–ဇိုရမ်ပူရ်(၂) လမ်းသွား လမ်းဖောက်လုပ်ခြင်းစီမံကိန်းအတွက် တင်သွင်းခဲ့သော မော်တော်ယာဉ်(၅)စီးအပေါ်ကျသင့်မည့် အထူးကုန်စည်ခွန်အား ကင်းလွတ်ခွင့်ပြုနိုင်ရေးကိစ္စ**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မလှိုင်းမဲဆန္ဒနယ်မှ ဦးအောင်ကျော်သူက ပလက်ဝ–ဇိုရမ်ပူရ် နှစ်လမ်းသွားလမ်း ဖောက်လုပ်ရေးစီမံကိန်းသည် မြန်မာနိုင်ငံ ချင်းပြည်နယ် ပလက်ဝမြို့နယ်နှင့် အိန္ဒိယ–မြန်မာနယ်စပ်ရှိ ဇိုရမ်ပူရ်ကိုဆက်သွယ်ဖောက်လုပ်မည့်နှစ်လမ်းသွားအဝေးပြေးလမ်းစီမံကိန်းဖြစ်ကြောင်း၊ အဆိုပါ စီမံကိန်းသည် အိန္ဒိယအရှေ့မြောက်ဒေသနှင့် စစ်တွေဆိပ်ကမ်းကို ချိတ်ဆက်၍ ပင်လယ်ရေကြောင်း၊ မြစ်ကြောင်းနှင့် ကုန်းလမ်းတို့ကို ပေါင်းစပ်ကာ ဘင်္ဂလားပင်လယ်အော်သို့ ကုန်စည်သယ်ယူပို့ဆောင်မည့် အဓိကလမ်းကြောင်းဖြစ်သည့်အတွက် အထူးကုန်စည်ခွန် ကင်းလွတ်ခွင့်ပြုခြင်းဖြင့် အသုံးစရိတ်လျော့ချနိုင်ကာ လမ်းဖောက်လုပ်မှု လျင်မြန်စေမည်ဖြစ်၍ အလွဲသုံးစားမဖြစ်စေရေး တိကျစွာသတ်မှတ်ကြီးကြပ်လျက် မော်တော်ယာဉ်၁၆စီးအပေါ် ကျသင့်မည့် အထူးကုန်စည်ခွန်ကင်းလွတ်ခွင့်ကို လေးနက်စွာ ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ကလေးမဲဆန္ဒနယ်မှ ဦးခင်မောင်သန်းက အဆိုပါစီမံကိန်းသည် ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသအပါအဝင် နယ်စပ်ကုန်သွယ်ရေးကွင်းဆက်များကို **စာမျက်နှာ ၄ သို့** ☆

လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲ၏ ဖိတ်ကြားချက်အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

နေပြည်တော် နိုဝင်ဘာ ၃

လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာန အကြီးအကဲ Lieutenant General Saichay Kommasith ၏ ဖိတ်ကြားချက်အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ဦးဆောင်သည့် မြန်မာ့တပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံသို့ ထွက်ခွာသည်။

ပို့ဆောင်နှုတ်ဆက်

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့် မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့အား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး ခေါ်နန်းကူးကူ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။(၀ပို့)



တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့် မြန်မာ့တပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ Wattay အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြရာ လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန စစ်ဦးစီးဌာန ဒုတိယအကြီးအကဲ Major General Vanhthong Boudtavong နှင့်ဇနီး၊ နိုင်ငံခြားဆက်ဆံရေးဌာန ဒုတိယအကြီးအကဲ၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုစစ်သံမှူးနှင့် ဇနီး၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးအောင်ကိုနှင့်ဇနီး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ရာဇာထွန်းနှင့် ဇနီး၊ တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ချစ်ကြည်ရေး ခရီးစဉ်အတွင်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံစစ်ဘက်အကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေးခြင်းများ ဆောင်ရွက်ပြီး လာအိုနိုင်ငံရှိ အထင်ကရနေရာများကို လှည့်လည်ကြည့်ရှုလေ့လာသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

☆ စာမျက်နှာ ၃ မှ

အထူးအကျိုးပြုမည်ဖြစ်ကြောင်း၊ ထို့ပြင် ကလေးစက်မှုဇုန်မှ ယခင်က ချင်းပြည်နယ်နှင့် နာဂဒေသများအတွက် မောင်မြန်မာမော်တော်ယာဉ်များနှင့် လယ်ယာသုံးစက်ကိရိယာများကို ၂၀၁၉ ခုနှစ်ကိုဗစ်မတိုင်မီအထိ ထုတ်လုပ်နိုင်ခဲ့ရာ အဆိုပါ လုပ်ငန်းများကို နိုင်ငံတော်၏ အထောက်အပံ့၊ MSME ချေးငွေများဖြင့် ပြန်လည်ဦးမော့လာစေပါက စီမံကိန်းများအတွက် ပြည်တွင်းထုတ် စက်ပစ္စည်းများကို အစားထိုး အသုံးပြုနိုင်မည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွားနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝမြှင့်တင်ရေးအတွက် မော်တော်ယာဉ် ၅ စီးအပေါ် ကျသင့်မည့် အထူးကုန်စည်ခွန်အား ကင်းလွတ်ခွင့်ပြုနိုင်ရေးကိစ္စကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ထောက်ခံဆွေးနွေးသည်။

သီပေါမဲဆန္ဒနယ်မှ ဦးကောင်းသက်စံက လမ်းပန်းဆက်သွယ်ရေးသည် ဒေသဖွံ့ဖြိုးရေး၏ သွေးကြောဖြစ်ပြီး ပလက်ဝကဲ့သို့ ဒေသတွင် နှစ်လမ်းသွားလမ်း ဖောက်လုပ်နိုင်ခြင်းသည် ပြည်သူများ၏ လူမှုစီးပွားအတွက် အခွင့်အလမ်းတံခါးသစ်များ ဖွင့်လှစ်ပေးခြင်းဖြစ်သည့်အပြင် အဆိုပါစီမံကိန်းသည် နှစ်နိုင်ငံချုပ်ဆိုထားသည့် Framework Agreement နှင့်အညီ အကောင်အထည်ဖော်နေခြင်းဖြစ်သဖြင့် စီမံကိန်းအချိန်မီပြီးစီးရေး လိုအပ်သော အထောက်အပံ့များ ဖြည့်ဆည်းပေးသင့်ကာ တင်သွင်းလာသည့် မော်တော်ယာဉ် ၅ စီးအပေါ် ကျသင့်မည့် အထူးကုန်စည်ခွန် ကင်းလွတ်ခွင့်ပြုရေးကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ်(၁၀) ဦးသန်းအေး(ခ) ဦးတင်ဦးနှင့် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားလှယ် အမှတ်(၆) ဦးအေးပိုင်တို့က ထောက်ခံဆွေးနွေးကြသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ယခုကဲ့သို့ ပြည့်ပြည့်စုံစုံ အကြံပြုထောက်ပြ ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို အထူးကျေးဇူးတင်ရှိပြီး ဌာနအနေဖြင့်လည်း အဆိုပါ မော်တော်ယာဉ်များကို သက်ဆိုင်ရာလုပ်ငန်းတွင်သာ အကျိုးရှိစွာ အသုံးချသွားမည်ဖြစ်ကြောင်းနှင့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပုဒ်မ ၃၇ ပါ ပြဋ္ဌာန်းချက်နှင့်အညီ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင် က ပလက်ဝ-ဇိရမ်ပူရ် (၂) လမ်းသွား လမ်းဖောက်လုပ်ခြင်း စီမံကိန်းသည် အိန္ဒိယနိုင်ငံ၏ အထောက်အပံ့(Grant Aid)ဖြင့် ၂၀၁၇ ခုနှစ်က စတင်ဆောင်ရွက်ခဲ့သည့် စီမံကိန်းဖြစ်ပါကြောင်း၊ ၂၀၁၉ ခုနှစ်တွင် နယ်မြေအခြေအနေအရ စီမံကိန်းလုပ်ငန်းများ ရပ်တန့်ခဲ့ရသည့်အတွက် Drawback စနစ်ဖြင့် တင်သွင်းခဲ့သည့် မော်တော်ယာဉ် ၅ စီးကို မူလနိုင်ငံသို့ ပြန်လည်တင်ပို့မှုမရှိနိုင်ခြင်းကြောင့် ပြည်တွင်းသုံးစွဲမှုစနစ်သို့ ပြောင်းလဲဆောင်ရွက်ရာတွင် ကျသင့်မည့် အထူးကုန်စည်ခွန်ကို ကင်းလွတ်ခွင့်ပြုရန် လိုအပ်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ပလက်ဝ-ဇိရမ်ပူရ် (၂)လမ်းသွား လမ်းဖောက်လုပ်ခြင်း စီမံကိန်းအတွက် တင်သွင်းခဲ့သော မော်တော်ယာဉ် ၅ စီးအပေါ် ကျသင့်မည့် အထူးကုန်စည်ခွန်အား ကင်းလွတ်ခွင့်ပြုနိုင်ရေး အတွက် ၂၀၂၆ ခုနှစ်ပြည်ထောင်စုဓ၊ အခွန်အကောက်ဥပဒေ ပုဒ်မ ၃၇ နှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် ပြန်လည်ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ ဆန္ဒမဲရယူရာ ထောက်ခံမဲ ၅၂၃ မဲ၊ ကန့်ကွက်မဲ ၄ မဲ၊ ကြားနေမဲ ၆ မဲ ရရှိပြီး ထောက်ခံဆန္ဒမဲများသည့်အတွက် သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ **မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၂၅ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာ**နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးသစ်လင်းအုန်းက ကော်မရှင်ကို အဖွဲ့ဝင် ၁၃ ဦးဖြင့် ဘာသာရပ်အလိုက် တာဝန်ခွဲဝေ ဆောင်ရွက်လျက်ရှိပြီး ဌာန ၆ ခုအပြင် နေပြည်တော်၊ မန္တလေး၊ စစ်တွေနှင့် ပုသိမ်မြို့တို့တွင် ရုံးခွဲများ ဖွင့်လှစ်ထားရှိကြောင်း၊ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် အသိပညာပေးရေးအတွက် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့၊ ကြက်ခြေနီအသင်းနှင့် လူငယ်ရေးရာကော်မတီတို့၌ ဟောပြောပွဲများပြုလုပ်ခြင်း၊ ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသို့ လူ့အခွင့်အရေးသင်ခန်းစာ ၁၈ ခု ပို့ချခြင်းနှင့် သတင်းထုတ်ပြန်ချက် ၁၇ ခု ထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးအရေးဖြင့် တိုင်တန်းချက် ၃၄၆ စောင်နှင့် သတင်းမီဒီယာအရေးဆောင်ရွက်မှု ၁ မှု လက်ခံရရှိခဲ့ရာ သက်ဆိုင်ရာ ဌာနများသို့ ညှိနှိုင်းမေးမြန်းခြင်း၊ တိုင်တန်းသူများထံ အကြံပြုချက်ပြန်ကြားခြင်း၊ ကော်မရှင်ရုံးသို့ ခေါ်ယူစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပြီး တိုင်တန်းချက်များ အနက် မြေယာကိစ္စ ၂၈ ဒသမ ၅၃ ရာခိုင်နှုန်း၊ တရားရေးကိစ္စ ၁၂ ဒသမ ၀၁ ရာခိုင်နှုန်းနှင့် အကျဉ်းထောင်ကိစ္စ ၁၁ ဒသမ ၂၃ ရာခိုင်နှုန်းတို့ဖြစ်ကြောင်း၊ တိုင်တန်းချက်အရ ကွင်းဆင်းစုံစမ်းစစ်ဆေးမှုပြုလုပ်ခဲ့သည့်အပြင် အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်း၊ ရဲစခန်း၊ တရားရုံး အချုပ်ခန်း၊ ဘိုးဘွားရိပ်သာနှင့် လူငယ်သင်တန်းကျောင်းများကို စစ်ဆေး၍ အကြံပြုချက်များ ပေးပို့ခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ် ပါကီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကိုလည်း ပြည်တွင်းလေ့လာသူအဖြစ် စောင့်ကြည့်လေ့လာခဲ့ကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး နဝမနေ့ကို နိုဝင်ဘာ ၅ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းအဖွဲ့

✻ KNU မှ

ပြည်ဖျက်မီဒီယာများအနေဖြင့် နှစ်နိုင်ငံချစ်ကြည်ရေး ကောင်းမွန်မှုကို မလိုလားသည့်အတွက် နယ်စပ်ရှိဒေသခံများအား စိုးရိမ်ကြောက်ရွံ့စိတ်များ ဖြစ်ပေါ်စေရန် ရည်ရွယ်၍ ထိုင်းနိုင်ငံဘက်ရှိ ကုန်လောင်ရံများကို ဖျက်ဆီးမည်ဆိုသည့် သတင်းအပါအဝင် အခြေအမြစ်မရှိသည့် ကောလာဟလသတင်းများကို ဖြန့်ဝေနေကြောင်း တွေ့ရှိရပြီး အဆိုပါ အွန်လိုင်းမီဒီယာသတင်းများသည် မှန်ကန်မှုမရှိသည့် သတင်းမှားများသာဖြစ်ကြောင်း တွေ့ရှိရသည်။

မြန်မာ – ထိုင်းနှစ်နိုင်ငံအနေဖြင့် နိုင်ငံတော်အစိုးရအချင်းချင်း ဆက်ဆံရေး၊ တပ်မတော်အချင်းချင်းဆက်ဆံရေး၊ ပြည်သူအချင်းချင်း နှင့် အဖွဲ့အစည်းများအကြား ဆက်ဆံရေးတို့တွင် ကဏ္ဍပေါင်းစုံ၌ ခိုင်မာအားကောင်းလျက်ရှိပြီး မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး (Natural Strategic Partnership) အဆင့်ရှိသည့် နိုင်ငံများလည်းဖြစ်သည်။ မြန်မာ့တပ်မတော်အနေဖြင့်လည်း နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးကို အထူးအလေးထားဆောင်ရွက်လျက်ရှိပြီး နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြားတွင်လည်း ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။ ထို့ပြင် နှစ်နိုင်ငံ ပြည်သူများအနေဖြင့်လည်း ကာလရှည်ကြာသည့် မိတ်ဖက်ချစ်ကြည်ရင်းနှီးမှုများရှိပြီး ဖြစ်သည်။

KNU၊ KNLA အပါအဝင် CRPH၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအနေဖြင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုအား ပျက်ပြားစေရန် ရည်ရွယ်၍ နှစ်နိုင်ငံနယ်စပ်တွင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်လျက်ရှိရာ ၂၀၂၆ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့တွင် ၁၂ ဒသမ ၇ မမ စက်သေနတ်ကြီးဖြင့် ပစ်ခတ်ခံရမှုကြောင့် ထိုင်းပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရခဲ့သည်ဟုသိရပြီး မြန်မာ့တပ်မတော်၌ အဆိုပါ လက်နက်အသုံးပြုမှုမရှိသည်ကို ထိုင်းတပ်မတော် တာဝန်ရှိသူများထံ အသိပေးပြီးဖြစ်ကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူများက နှစ်နိုင်ငံချစ်ကြည်ရေးကို ပျက်ပြားစေရန် ထိုင်းနိုင်ငံနယ်နိမိတ်အတွင်းသို့ ရည်ရွယ်ချက်ရှိရှိဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ ပစ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့မှုအတွက် မြန်မာ့တပ်မတော်မှ များစွာစာနာနားလည်ပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာ့တပ်မတော်အနေဖြင့် မြန်မာ – ထိုင်း တပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုအား အလေးထားသည်နှင့်အညီ အခြားနိုင်ငံများ၏ အချုပ်အခြာအာဏာကိုထိပါးစေမည့် အပြုအမူများကို မည်သည့်အချိန်တွင်မှ လုပ်ဆောင်မည်မဟုတ်ဘဲ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်လျက်ရှိပြီး နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် နှစ်နိုင်ငံပြည်သူများ လုံခြုံအေးချမ်း၍ ဒေသတည်ငြိမ်ရေးကိုသာ အထူးအလေးထား ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။ **တပ်မတော်သတင်းမှန်ပြန့်ကြားရေးအဖွဲ့**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားကာကွယ်ရေးဝန်ကြီးအား တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၃

လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ယနေ့မွန်းလွဲပိုင်းတွင် လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသား ကာကွယ်ရေးဝန်ကြီး General Khamlieng Outhakayson အား ကာကွယ်ရေးဝန်ကြီးဌာနရုံး အစည်းအဝေးခန်းမ၌ သွားရောက်တွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) တို့ တက်ရောက်ကြပြီး လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသား ကာကွယ်ရေးဝန်ကြီးနှင့်အတူ လာအိုပြည်သူ့



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားကာကွယ်ရေးဝန်ကြီး General Khamlieng Outhakayson တို့ တွေ့ဆုံ ဆွေးနွေးစဉ်။

တပ်မတော်မှ အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး၊ စစ်ဘက်ဆက်ဆံရေး၊ အာဆီယံအဖွဲ့ဝင် နိုင်ငံဆက်ဆံရေးတို့တွင် တိုးတက်ကောင်းမွန်လျက်ရှိရှု အခြေအနေများ၊ ကမ္ဘောဒီးယား - လာအို - မြန်မာ - ဗီယက်နမ် တို့ပါဝင်သော CLMV အဖွဲ့ဝင်နိုင်ငံလေးနိုင်ငံ၊ မဟာမဲခေါင် ဒေသခွဲအဖွဲ့၊ ဧရာဝတီ - ကျောက်ဖရား - မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာအဖွဲ့ တို့တွင်လည်း အဖွဲ့ဝင်နိုင်ငံများအဖြစ် ဒေသတွင်း တိုးတက်ဖွံ့ဖြိုးရေးကိစ္စရပ်များတွင် နီးကပ်စွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မဲခေါင်မြစ်လုံခြုံရေး အပါအဝင် နှစ်နိုင်ငံနယ်စပ်ဒေသ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မူးယစ်ဆေးဝါး၊ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်း နိုင်ငံများနှင့် ချစ်ကြည်ရေး ကောင်းမွန်အောင် နေထိုင်လျက်ရှိပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး ၅ရပ်နှင့်အညီ ရပ်တည်ဆောင်ရွက် လျက်ရှိသည့် အခြေအနေများ၊ နိုင်ငံ၏ လက်ရှိဖြစ်ပေါ် တိုးတက်မှုများဖြစ်သော ဒီမိုကရေစီနည်းကျ ရွေးချယ်ခံထားရသည့် နိုင်ငံတော်အစိုးရသည် ပြည်သူ့ဆန္ဒကို လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နိုင်ငံတကာ ဆက်ဆံရေးနှင့် ပတ်သက်၍ တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေး မူဝါဒနှင့်အညီ အိမ်နီးချင်း ကောင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများအပါအဝင် နိုင်ငံတကာနှင့် ဟန်ချက်ညီ ဆက်သွယ်ဆောင်ရွက်နေမှု အခြေအနေများ၊ တပ်မတော် အခြေဖြင့်လည်း အမျိုးသားရေး တာဝန်ဖြစ်သည့် ဒဿတာဝန်အရေးသုံးပါးကို နိုင်ငံတော် အစိုးရ၏ ဦးဆောင်မှုဖြင့် ကာကွယ် စောင့်ရှောက်နေသည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး အမှတ်တရလက်ဆောင် ပစ္စည်းများ အပြန်အလှန်လဲလှယ် ခဲ့ကြကာ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်

❖ ရေလွှမ်းမှု

မတ်ပဲပြန်လည်စိုက်ပျိုးမည့် တောင်သူများအား တစ်ဧကလျှင် ဒီဇယ်ဆီ ၂ ဒဿမ ၅ ဂါလန်နှုန်းဖြင့် အခမဲ့ပံ့ပိုးပေးနေမှု၊ ရေကြည်မြို့နယ် ဆီဆုံကုန်းကျေးရွာအုပ်စုအတွင်း ရေကြီးနစ်မြုပ်သည့် လယ်မြေများအတွက် မတ်ပဲမျိုးများ ထောက်ပံ့ပေးအပ်နေမှုနှင့် မတ်ပဲသီးနှံ စိုက်ပျိုးရန်အတွက် မြေပြင်ထွန်ယက်နေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်က ယနေ့နံနက်ပိုင်းတွင် လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ကျုံပျော်မြို့နယ် ငါးကျီးထူကျေးရွာအုပ်စုတွင် ရေကြီးနစ်မြုပ်ခဲ့သည့် လယ်မြေများတွင် မတ်ပဲပြန်လည်စိုက်ပျိုးမည့် တောင်သူများအား တစ်ဧကလျှင် ဒီဇယ်ဆီ ၂ ဒဿမ ၅ ဂါလန်နှင့် မတ်ပဲမျိုးစေ့များကိုလည်းကောင်း၊ နေကြာစိုက်တောင်သူများအား နေကြာမျိုးစေ့များနှင့် ယူရီးယားမြေဩဇာများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ကာ နိုင်ငံတော်မှပံ့ပိုးပေးသည့် အထောက်အပံ့များကို ထိရောက်စွာ အသုံးချ၍ သီးနှံအထွက်နှုန်းကောင်းမွန်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ငါးကျီးထူကျေးရွာအုပ်စု အောင်လံစုကျေးရွာ တောင်သူဒေါ်လှရင်၏လယ်မြေတွင် ၂၀၂၆-၂၀၂၇ ခုနှစ်ဆောင်းဆီထွက်သီးနှံ(နေကြာ) စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲသို့ တက်ရောက်ကြည့်ရှုအားပေးပြီး အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးကြရန်နှင့် ပိုးမွှားရောဂါများ ကြိုတင်ကာကွယ်နှိမ်နင်းခြင်းတို့ကို အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားကာ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ တိုင်းဒေသကြီး(ပြန်/ဆက်)



ရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကမ်းနားစျေးရှိ စျေးဆိုင်ခန်းများ၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လိုက်နာဆောင်ရွက်ရမည့်အချက်များကို အသိပညာပေးခြင်းနှင့် မီးလောင်မှု၊ မီးလန့်မှုများ ဖြစ်ပွားလာပါက အချိန်မီတုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် စျေးသူ စျေးသားများအား အသိပညာပေးခြင်းတို့ကို နိုဝင်ဘာ ၃ ရက်တွင် ပုသိမ်မြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးတင်ထွဋ် ဦးဆောင်၍ စစ်ဆေးဆောင်ရွက်စဉ်။

ကိုကိုဇော်

❍ ရန်ကုန်ပြည်သူ့ဆေးရုံမှ

အဆိုပါ ခြင်ဆီအစားထိုးကုသခြင်းကို ဆေးရုံအုပ်ချုပ်မှုအဖွဲ့၊ သွေးရောဂါအထူးကုဌာနမှ ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများ၊ ဆက်စပ်ဌာနများမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပါမောက္ခ/ အထူးကု ဆရာဝန်ကြီးများ၊ ကျွမ်းကျင်သူနာပြုများ၊ အထောက်အကူပြုဝန်ထမ်းများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး လူနာငါးဦးမှာ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်မှ (၅၇) နှစ်အရွယ် အမျိုးသားတစ်ဦး၊ လှိုင်မြို့နယ်မှ (၆၆) နှစ်အရွယ် အမျိုးသားတစ်ဦး၊ ဟိုပန်မြို့နယ်မှ (၅၄) နှစ်အရွယ် အမျိုးသမီးတစ်ဦး၊ သာကေတမြို့နယ်မှ (၆၂) နှစ်အရွယ် အမျိုးသမီးတစ်ဦးနှင့် တောင်ကြီးမြို့နယ်မှ (၅၈) နှစ်အရွယ် အမျိုးသမီးတစ်ဦး တို့ဖြစ်ကြသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ခြင်ဆီအစားထိုးကုသခြင်းကို ၂၀၁၆ ခုနှစ်တွင် သုံးဦး၊ ၂၀၁၇ ခုနှစ်တွင် သုံးဦး၊ ၂၀၁၈ ခုနှစ်တွင် လေးဦး၊ ၂၀၁၉ ခုနှစ်တွင် တစ်ဦး၊ ၂၀၂၀ ခုနှစ်တွင် တစ်ဦး၊ ၂၀၂၄ ခုနှစ်တွင် သုံးဦး၊ ၂၀၂၅ ခုနှစ်တွင် ၁၀ ဦးနှင့် ၂၀၂၆ ခုနှစ် ယခုအချိန်အထိ ၁၃ ဦး စုစုပေါင်း ၃၈ ဦးကို ဆောင်ရွက်ခဲ့ပြီး ပြည်သူများကျန်းမာရေး ကုန်ကျစရိတ် သက်သာစေရေး အတွက် ပြည်တွင်း၌ပင် ခြင်ဆီအစားထိုးကုသမှုများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်



သုံးရေ ချွေတာသုံးစွဲရေး နှိုးဆော်ချက်


အပင်ရေလောင်းချိန်ကို အချိန်ကိုက်လုပ်ဆောင်ပါ။

ရေငွေ့ပြန်မှုကိုလျော့နည်းစေရန်နှင့် ရေကိုအကျိုးရှိရှိ အသုံးချနိုင်ရန် နံနက်စောစော သို့မဟုတ် ညနေနှောင်းပိုင်းကဲ့သို့ အေးမြသောအချိန်များတွင်သာ မြက်ခင်းနှင့် အပင်များကို ရေလောင်းပါ။



သုံးရေ ချွေတာသုံးစွဲရေး နှိုးဆော်ချက်

မိုးရေကို စုဆောင်းအသုံးချပါ။ အပင်ရေလောင်းခြင်းနှင့် ဥယျာဉ်ခြံလုပ်ငန်းများအတွက် မိုးရေကို သိုလှောင်ရန် ရေစည်များ သို့မဟုတ် အခြားသော မိုးရေစုဆောင်းသည့်စနစ်များကို ကြိုဆောင်ရွက်ပါ။



သုံးရေ ချွေတာသုံးစွဲရေး နှိုးဆော်ချက်

ခြောက်သွေ့မှုဒဏ်ခံနိုင်သော အပင်များကို ရွေးချယ်စိုက်ပျိုးပါ။ မိမိတို့၏ ဥယျာဉ်ခြံတွင် ရေနည်းနည်းဖြင့် ရှင်သန်နိုင်သော အပင်များကို ရွေးချယ်စိုက်ပျိုးပါ။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးအား လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲက ဂုဏ်ပြုကြိုဆို တွေ့ဆုံဆွေးနွေး၊ အညတရ စစ်သည်ဗိမာန်သို့ သွားရောက် ပန်းခွေချ အလေးပြု

နေပြည်တော် နိုဝင်ဘာ ၃

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးအား ယနေ့မွန်းလွဲပိုင်းတွင် လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲ Lieutenant General Saichay Kommasith က ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)တို့ တက်ရောက်ကြပြီး လာအို အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာန အကြီးအကဲနှင့် အတူ လာအိုပြည်သူ့တပ်မတော်မှ အရာရှိကြီးများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပမည့် လာအို အမျိုးသားကာကွယ်ရေး ဝန်ကြီးဌာနသို့ ရောက်ရှိရာ လာအို အမျိုးသား ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲက ကြိုဆိုနှုတ်ဆက်သည်။ ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲတို့သည် နှစ်နိုင်ငံ တပ်မတော် အရာရှိကြီးများနှင့် အပြန်အလှန် မိတ်ဆက်ပေးကြပြီး အမှတ်တရ စုပေါင်းဓာတ်ပုံ ရိုက်ကြသည်။ ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲတို့သည် ဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးတက်ခိုင်မာစေရေးဆိုင်ရာ ကိစ္စရပ်များ၊ တပ်မတော်နှစ်ရပ်အကြား အဆင့်လိုက် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန် လည်ပတ်ရေး၊ နယ်စပ်ဒေသ ကုန်သွယ်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့် ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လေ့ကျင့်ရေးဆိုင်ရာများ၊ တပ်မတော်အားကစားအဖွဲ့များ၊ ယဉ်ကျေးမှုအဖွဲ့များ အပြန်အလှန် စေလွှတ်ရေးဆိုင်ရာကိစ္စရပ်များ၊ အွန်လိုင်း လောင်းကစားမှု ပပျောက်စေရေးအတွက် နှိမ်နင်းလျက်ရှိမှု၊ မြန်မာနိုင်ငံအနေဖြင့် အွန်လိုင်းလောင်းကစားမှုများနှင့် အွန်လိုင်းလိမ်လည်မှုများအား အမြစ်ပြတ်ချေမှုန်းရန်၊ ဒေသတွင်း၌ အွန်လိုင်းလောင်းကစားမှုနှင့် အွန်လိုင်းလိမ်လည်မှုများ ကင်းစင်ပပျောက်စေရန်နှင့် အနာဂတ်တွင်လည်း ထပ်မံပေါ်ပေါက်လာခြင်း မရှိစေရန်ရည်ရွယ်၍ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး စစ်ဆင်ရေးများကို ဆက်လက်ဆောင်ရွက်လျက်ရှိမှုနှင့် ယနေ့အထိ အွန်လိုင်းလိမ်လည်မှုနှင့် သက်ဆိုင်သော အဆောက်အအုံ ၁၀၅၃ လုံးအား ဖြိုချဖျက်ဆီးခဲ့မှု အခြေအနေများ။

မူးယစ်ဆေးဝါး တားဆီးကာကွယ်နှိမ်နင်းရေးဆိုင်ရာ ကိစ္စရပ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်ခြင်း၊ ရောင်းဝယ်ဖြန့်ဖြူးခြင်းမှတစ်ဆင့် ရရှိသော ဝင်ငွေများဖြင့် လက်နက်/ခဲယမ်းများ ဝယ်ယူဖြည့်တင်း၍ အင်အားတည်ဆောက်လျက် ရှိသဖြင့် နှစ်နိုင်ငံ နယ်စပ်ဒေသများတွင် ခိုအောင်းနေထိုင်မှု မရှိစေရေး ပူးပေါင်း ဆောင်ရွက်သွားမည့် အခြေအနေများ၊ ဒေသဆိုင်ရာ နယ်ခြားကော်မတီ(RBC)နှင့် ပူးတွဲနယ်ခြား လုံခြုံရေးကော်မတီ (JBSC) အစည်းဝေးများ ကျင်းပနိုင်ခဲ့မှုအခြေအနေများ၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိစေရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေး နိုင်ငံတော်အစိုးရမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် လာအိုအမျိုးသား ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ယနေ့မွန်းလွဲပိုင်းတွင် အညတရ စစ်သည် ဗိမာန်သို့ သွားရောက်၍ ပန်းခွေချ အလေးပြုသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့် မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် အညတရသူရဲကောင်း စစ်သည်ဗိမာန်သို့ ရောက်ရှိကြရာ လာအိုနိုင်ငံမှ အရာရှိကြီးများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် လာအိုပြည်သူ့တပ်မတော်မှ စစ်တီးပိုင်းအဖွဲ့၏ တီးမှုတ်မှုနှင့်အတူ အညတရသူရဲကောင်းစစ်သည်ဗိမာန်၌ ဂုဏ်ပြုပန်းခွေချ အလေးပြုသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် လာအိုနိုင်ငံမှ တပ်မတော်အရာရှိကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ပြန်လည်ထွက်ခွာခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲ Lieutenant General Saichay Kommasith တို့ တွေ့ဆုံဆွေးနွေးစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး အညတရ စစ်သည်ဗိမာန်၌ ပန်းခွေချ စဉ်။



သုံးရေချွေတာသုံးစွဲရေး နှိုးဆော်ချက်

သစ်ပင်များကို စနစ်တကျ စိုက်ပျိုးထိန်းသိမ်းခြင်းဟာ သဘာဝအတိုင်း ရေကိုစုဆောင်းသိုလှောင်ပြီး ချွေတာရာရောက်သည့်အတွက် ရေရှည်တည်တံ့ခိုင်စေရေး သစ်ပင်များအား စနစ်တကျ စိုက်ပျိုးထိန်းသိမ်းကြပါရန် နှိုးဆော်အပ်ပါသည်။



အိမ်တွင်းသုံးရေ ချွေတာရေး

ရေချိုးချိန်နှင့် နေ့စဉ် ရေသုံးစွဲမှုကို လျှော့ချပါ။ သွားတိုက်နေစဉ်၊ မျက်နှာသစ်နေစဉ်နှင့် ပန်းကန်ဆေးကြောနေစဉ်အတွင်း ရေပိုက်ခေါင်းကို အမြဲပိတ်ထားပါ။



အိမ်တွင်းသုံးရေ ချွေတာရေး

အသုံးပြုပြီးသည့်ရေကို ပြန်လည်သုံးစွဲနိုင်ရန် စီစဉ်ပါ။ (ဥပမာ - ဟင်းသီးဟင်းရွက်ဆေးကြောထားသော ရေများ၊ ဆန်ဆေးရေများကို အပင်ရေလောင်းရာတွင် ပြန်လည်အသုံးပြုပါ။)

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ A.G.T.I ဒီပလိုမာသင်တန်း အမှတ်စဉ်(၂၃)သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၃

ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ A.G.T.I ဒီပလိုမာ သင်တန်းအမှတ်စဉ်(၂၃) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါဒီဂရီကောလိပ်ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များက ကျောင်းသား ကျောင်းသူ ၂၆၇ ဦးတို့ကို အလုပ်တာဝန်ခန့်အပ်လွှာများ ပေးအပ်ကြသည်။

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)ကို စတင်ဖွင့်လှစ်သည့်အချိန်မှ ယနေ့အထိ ဝိဇ္ဇာဘွဲ့ ၉၀၇ ဦး၊ သိပ္ပံဘွဲ့ ၁၇၉၄ ဦး၊ နည်းပညာ B.Tech ဘွဲ့ ၁၃၅ ဦး၊ A.G.T.I ဒီပလိုမာ ၁၁၇၁ ဦး စုစုပေါင်း ၄၀၀၇ ဦး ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက် မဟာဝိဇ္ဇာဘွဲ့ ၄၄ ဦး၊ မဟာသိပ္ပံဘွဲ့ ၈၆ ဦး၊ မဟာသုတေသနဘွဲ့ ၃၅ ဦး၊ Ph.D ဘွဲ့ ၁၈ ဦး၊ B.Eဘွဲ့ ၂၆၉ ဦး၊ M.E ဘွဲ့ ၂၀၊ B.Tech ဘွဲ့ ၉၅ ဦး အောင်မြင်မှုရရှိခဲ့သည့်အပြင် ဘာသာရပ်အလိုက် ဆက်လက်ကြိုးစားသင်ယူဆဲ ကျောင်းသား ကျောင်းသူများ လည်းရှိကြောင်း အဆိုပါပွဲမှ သိရသည်။

အဆိုပါပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က သင်တန်းဆင်းကျောင်းသား ကျောင်းသူများအနေဖြင့် ပညာဒေတာကြီးခဲ့ ကြီးပြင်းခဲ့ကြသူများဖြစ်သည့်အတွက် အသိပညာ၊ အတတ်ပညာများကို အဆင့်မြင့်မြင့်တတ်မြောက်အောင် ဆက်လက်ကြိုးစားလေ့လာသွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ မိမိတို့ လေ့လာတက်မြောက်ထားသည့် ပညာရပ်များကို တိုးတက်မြင့်မားအောင် စဉ်ဆက်မပြတ် လေ့လာဆည်းပူး၍ မိမိတို့လုပ်ငန်း ခွင်များတွင် ကြုံတွေ့ရမည့်အခြေအနေများနှင့် ပေါင်းစပ်၍ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အမှားအနည်းဆုံးဖြင့် အောင်မြင်အောင် အစွမ်းကုန်ကြိုးစား ဆောင်ရွက်သွားကြရန်၊ ကျောင်းသား ကျောင်းသူများအနေဖြင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်စေရေးနှင့် ဗလငါးတန်နှင့် ပြည့်စုံစေရေး စသည့် လူငယ်ကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်း။



သင်တန်းဆင်းကျောင်းသား ကျောင်းသူများ အနေဖြင့် နိုင်ငံ့ဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်ကြသည့်အခါ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ အတိုင်း ကျင့်ဝတ်စည်းကမ်းတန်ဖိုးများကို သိရှိလိုက်နာပြီး လုပ်ငန်းစွမ်းဆောင်ရည်အပြည့်ဖြင့် ဖြင့်မားသော စိတ်ဓာတ်၊ မှန်ကန်သောခံယူချက်၊ ဖြင့်မြတ်သော အကျင့်စာရိတ္တကောင်းများကို လက်ကိုင်ပြု၍ အဂတိတရားကင်းရှင်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ကျရာအခန်းကဏ္ဍမှ ကြိုးစားထမ်းဆောင်သွားကြရန်၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် တိုက်ရိုက်အချိုးကျသည့် အတွက် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် လည်း ကျရာအခန်းကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ နိုင်ငံဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဝိဇ္ဇာသာဘာရပ်ထူးချွန်ဆုရရှိသူ ကျောင်းသားတစ်ဦးနှင့် သိပ္ပံဘာသာရပ် ထူးချွန်ဆုရရှိသူကျောင်းသူ တစ်ဦးတို့ကိုလည်းကောင်း၊ ဒုတိယဝန်ကြီးက A.G.T.I ဒီပလိုမာထူးချွန်ဆုရရှိသူ တစ်ဦးတို့ကိုလည်းကောင်း ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

မှာကြား

ထို့ပြင် ဒီဂရီကောလိပ်အတွင်း အခြေခံစစ်ပညာ သင်တန်းလေ့ကျင့်သင်ကြားနေမှု၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် သုံးထပ် ကျောင်းသူအိမ်ဆောင်၊ THEATRE ခန်းမ၌ ကျောင်းပိတ်ရက် လေ့ကျင့်ရေးကာလအတွင်း ကျောင်းသားကျောင်းသူများ၏ အထွေထွေဗဟုသုတ ယှဉ်ပြိုင်နေမှုနှင့် ဒီဂရီကောလိပ်စာကြည့်တိုက်တို့အား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးက သင်တန်းဆင်းကျောင်းသား ကျောင်းသူများအား ဘွဲ့နှင်းသဘင်ခန်းမ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံပြီး ကျောင်းသား ကျောင်းသူများ၏ ဖျော်ဖြေရေးအစီအစဉ်များကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက ဂုဏ်ပြုဆုငွေကိုလည်းကောင်း ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်တွင် မီးသတ်ဦးစီးဌာန၏ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်းအမှတ်စဉ် (၁/၂၀၂၆) ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂ ရက်က ချောင်းဝပိုင်းရပ်ကွက် (၈)လမ်းရှိ မြို့နယ်မီးသတ်ဦးစီးဌာနရုံးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအေးဝင်းခိုင်က သင်တန်းဖွင့်အမှာစကားပြောကြားစဉ်။

မြို့နယ်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဝန်ထမ်းများစုပေါင်း၍ သွေးလှူဒါန်းပွဲကို နိုဝင်ဘာ ၃ ရက်က ခုတင် (၂၀၀) ဆုံ ပြည်သူ့ဆေးရုံကြီး၌ ကျင်းပရာ မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူးနှင့်ဇနီး၊ မြောင်းမြမြို့နယ်အုပ်ချုပ်ရေးမှူးနှင့်ဇနီးတို့က သွေးလှူဒါန်းနေသူများကို အာဟာရဖြည့်အစားအစာများနှင့် အားဆေးများ ပေးအပ်စဉ်။

ဇေယျာ(ပြန်/ဆက်)

အဖိုးတန်ရေချို၊ တန်ဖိုးထားထိန်းသိမ်းကြစေလို။

ကျောင်းသားလူငယ် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ်များ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၃

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ဖြောင့်မတ် တည်ကြည်မှုရှိသည့် အသိုက်အဝန်းကို တည်ဆောက်နိုင်ရန်၊ လူငယ်များ၏ အခန်းကဏ္ဍကို မြှင့်တင်ရန် ရည်ရွယ်၍ လူငယ်ကဏ္ဍ အသိပညာပေးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဖြောင့်မတ်တည်ကြည်သည့် လူ့အဖွဲ့အစည်းဖြစ်တည်လာစေရန်၊ အများအကျိုးဆောင်ရွက်ခြင်းနှင့် ကိုယ်ကျိုးရှာခြင်းတို့ကြား ခွဲခြားတွေးတောသည့် အခြေခံစဉ်းစားတွေးခေါ်မှုမှန်ကန်စေရန်အတွက် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေး(Edutainment) အစီအစဉ်များကို အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့်များမှ စတင်



အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် ပေါင်မြို့အခြေခံပညာအထက်တန်းကျောင်း (ဥတ္တံတား)နှင့် အခြေခံပညာအထက်တန်းကျောင်း (ဇင်းကျိုက်) တို့တွင် မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၆၆၄ ဦးကို ကော်မရှင်ရုံးခွဲရှိ ဝန်ထမ်းများက ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ်(ဆရာကိုင်)စာအုပ်များမှ သင်ခန်းစာပါအကြောင်းအရာများကို အခြေခံ၍ အသိပညာပေး ဆွေးနွေးဆောင်ရွက်ကြသည်။

၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွင်း ကော်မရှင်ရုံးနှင့် ရုံးခွဲများရှိ ဝန်ထမ်းများက နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်မြို့တို့နှင့် နီးစပ်ရာမြို့များရှိ အခြေခံပညာကျောင်းများ၌ Edutainment အစီအစဉ်များ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

နတ်မောက်မြို့၌ ကျောက်ချောလမ်းခင်းနေမှု တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

နတ်မောက် နိုဝင်ဘာ ၃

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ ကန်ကြီးရပ် ကွက်သစ်လမ်းကျောက်ချောခင်းခြင်းလုပ်ငန်းအား ယမန်နေ့နံနက်ပိုင်းက မြို့နယ်စည်ပင်သာယာရေးအဖွဲ့တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကန်ကြီးရပ် ကွက်သစ်လမ်းအရှည်ပေ ၁၂၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၉ လက်မ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

လှဝင်း



ကြိုတင်ပြင်ဆင်ထားရမည့် သောက်သုံးရေနှင့် စူပါအယ်လ်နီညို

ခန့်ဇော်(ကျေးလက်)

ရာသီဥတုဆိုင်ရာဗဟိုဌာနတွေရဲ့ ၂၀၂၆ ခုနှစ် လေ့လာဆန်းစစ်ချက်တွေအရ လက်ရှိပစိဖိတ်သမုဒ္ဒရာပြင်အတွင်း ဖြစ်ပေါ်နေတဲ့ အယ်လ်နီညိုဖြစ်စဉ်ဟာ Super El Niño အဆင့်အထိ အလွန်အားကောင်းလာနိုင်တယ်လို့ ခန့်မှန်းထားကြပါတယ်။



စူပါအယ်လ်နီညိုရဲ့အန္တရာယ်ကို သိရှိအောင်လုပ်ပေးခြင်း၊ အသိပညာပေးခြင်း၊ ရေကို ချွေတာသုံးစွဲခြင်း၊ ရေသိုလှောင်ခြင်း၊ ကိုယ်ချင်းစာတရားထားရှိခြင်း၊ လိုအပ်သူကို ကူညီပံ့ပိုးခြင်းတို့ဖြင့် ပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ စူပါအယ်လ်နီညို ဖြစ်စဉ်ကို ရှောင်လွှဲလို့မရနိုင်တဲ့အတွက် ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ကြိုတင်ပြင်ဆင်မှု၊ အန္တရာယ်ကိုသိအောင် အသိပညာပေးမှု၊ ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးနိုင်မှုနဲ့ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်မယ့် အစီအမံကောင်းတွေ၊ စီမံချက်တွေရေးဆွဲထားရှိမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ကသာ ထိခိုက်မှုကို လျော့ပါးသက်သာစေမှာဖြစ်

ရာသီဥတုဆိုင်ရာဗဟိုဌာနတွေရဲ့ ၂၀၂၆ ခုနှစ် လေ့လာဆန်းစစ်ချက်တွေအရ လက်ရှိပစိဖိတ်သမုဒ္ဒရာပြင်အတွင်း ဖြစ်ပေါ်နေတဲ့ အယ်လ်နီညိုဖြစ်စဉ်ဟာ Super El Niño အဆင့်အထိ အလွန်အားကောင်းလာနိုင်တယ်လို့ ခန့်မှန်းထားကြပါတယ်။

အဓိကခန့်မှန်းချက်တွေကတော့

(က) ၂၀၂၆ ခုနှစ် အောက်တိုဘာမှ ၂၀၂၇ ခုနှစ် အစောပိုင်းအထိ အားအကောင်းဆုံး အဆင့် ရောက်ရှိနိုင်ခြင်း၊

(ခ) သမုဒ္ဒရာရေမျက်နှာပြင် အပူချိန်ဟာ ပုံမှန်ထက် +2.5°C မှ +3.0°C ကျော်အထိ မြင့်တက်လျက်ရှိပြီး အပြင်းထန်ဆုံး စံချိန်တင်ခဲ့တဲ့ ၁၉၉၇-၁၉၉၈ ခုနှစ်နဲ့ ၂၀၁၅-၂၀၁၆ ခုနှစ် အယ်လ်နီညိုဖြစ်စဉ် များထက် ပိုပြင်းထန်နိုင်ခြင်း

တို့ဖြစ်ပြီး မြန်မာနိုင်ငံ မိုးလေဝသနှင့် ဧလဗေဒညွှန်ကြားမှုဦးစီးဌာနကလည်း အယ်လ်နီညိုနဲ့ ပတ်သက်ပြီး သတိပေးချက်ထုတ်ပြန်ထားရှိပါတယ်။

မြန်မာနိုင်ငံအပေါ် သက်ရောက်နိုင်သည့် ရာသီဥတုဖြစ်စဉ်များ

မြန်မာနိုင်ငံအနေနဲ့ တွေ့ကြုံရနိုင်တဲ့အခြေအနေတွေကိုလည်း မိုးလေဝသနဲ့ ဧလဗေဒညွှန်ကြားမှုဦးစီးဌာနက အောက်ပါအတိုင်း ထုတ်ပြန်ထားရှိတာတွေ့ရပါတယ်-

(က) **အပူချိန်မြင့်တက်ခြင်း**။။ နွေရာသီနဲ့ ဆောင်းရာသီတွေမှာ ပုံမှန်ထက်အပူချိန် မြင့်တက်ပြီး အပူလှိုင်းများဖြစ်ပေါ်နိုင်ခြင်း (နေ့အပူချိန်များ ပိုမိုမြင့်မားခြင်း)၊

(ခ) **ဖျက်အားပြင်းမုန်တိုင်း**။။ ဖျက်အားပြင်း မုန်တိုင်းများဖြစ်ပေါ်ခြင်း၊

(ဂ) **မိုးရေချိန် လျော့နည်းခြင်း**။။ မုတ်သုံ မိုးနည်းခြင်း၊ မိုးခေါင်ခြင်းများ၊

(ဃ) **မိုးမနှံခြင်း**။။ အချိန်အခါမဟုတ် မိုးရွာ ခြင်း၊ ပုံမှန်ထက်မုတ်သုံအင်္ဂ နောက်ကျ ခြင်း၊ မုတ်သုံကာလတိုတောင်းခြင်း၊

(င) **ရေကြီးခြင်း**။။ လျှပ်တစ်ပြက်ရေကြီးခြင်း၊ ရေကြီးမှုကြိမ်ရေနဲ့ ပမာဏမြင့်မားခြင်း၊

မိုးလေဝသနဲ့ ဧလဗေဒညွှန်ကြားမှုဦးစီးဌာနက ကြိုတင်ပြင်ဆင်ထားရှိသင့်တဲ့ အချက်တွေနဲ့ ပတ်သက်ပြီး အကြံပြုထားတာကတော့-

(က) စိုက်ပျိုးရေးနဲ့ သောက်သုံးရေပြတ်လပ်မှု မရှိစေရေး ကြိုတင်စုဆောင်းခြင်း၊ ရေကို ချွေတာသုံးစွဲခြင်းတို့ ပြုလုပ်ရန်၊

(ခ) ကျန်းမာရေးအသိပေးချက်အနေနဲ့ အပူ လျှပ်ခြင်းကြောင့် ဖြစ်ပွားတတ်တဲ့ ရောဂါ (Heat Stroke) သတိပြုရန်၊

(ဂ) ပူပြင်းခြောက်သွေ့မှုကြောင့် ဖြစ်ပေါ်လာ နိုင်တဲ့ တောမီးနဲ့ မီးဘေးအန္တရာယ်တွေကို ကြိုတင်ကာကွယ်ရန်တို့ ဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတက အယ်လ်နီညိုရာသီဥတု ဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်တာတွေနဲ့ စပ်လျဉ်း ပြီး အောက်တိုဘာလ ၅ ရက်နေ့က ပြုလုပ်ခဲ့တဲ့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်တွေနဲ့ တွေ့ဆုံပွဲမှာ **"မိမိတို့အနေဖြင့် ကြိုတွေ့လာရနိုင်သည့် ရာသီဥတုဆိုးရွားမှုနှင့်ပတ်သက်၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို အလေးထားဆောင်ရွက်သွားကြရန်လိုပြီး လာမည့် ၂၀၂၇ ခုနှစ် မိုးရာသီကာလမတိုင်မီအထိ အယ်လ်နီညိုရာသီဥတုပူပြင်းမှုဒဏ်ကို ကျော်ဖြတ်နိုင်ရေးအတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေများ ထိနိုးသိမ်းသုံးစွဲခြင်း၊ အပူရှောင်စခန်းများ ဖွင့်လှစ်ခြင်း၊ ဆည်၊ တာတမံများ၌ ရေများသိုလှောင်စုဆောင်းခြင်း၊ မလိုလားအပ်ဘဲ ရေဆုံးရှုံးမှုမရှိအောင် ထိနိုးသိမ်းကြပ်မတ်ဆောင်ရွက်ခြင်း၊ ကြာရှည်စွာအထားခံစားသောက်၍မရနိုင်သည့် အသီးအနှံနှင့် စားရေရိက္ခာများကို စုဆောင်းထားရှိခြင်းနှင့် မိုးနှောင်းရာသီ သီးနှံများကို ပန်းတိုင်ရည်မှန်းချက်ရသည်အထိ စိုက်ပျိုးခြင်း၊ မွေးမြူရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် စီမံဆောင်ရွက်ခြင်းတို့ဖြင့် ပြင်ဆင်ဆောင်ရွက်သွားကြရန်" လမ်းညွှန်မှာကြားထားပါတယ်။**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကလည်း ဦးစီးဌာန၊ တက္ကသိုလ်တွေအနေနဲ့ ကြိုတင်ပြင်ဆင်မှုတွေ ဆောင်ရွက်ဖို့နဲ့ တောင်သူတွေနဲ့ တွေ့ဆုံတဲ့အခါ တွေ့မှာလည်း ကြိုတင်ပြင်ဆင်ရမှာတွေကို ဆွေးနွေးမှာကြားခဲ့ပါတယ်။ အခြားဝန်ကြီးဌာနများ၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့တွေကလည်း အလေးအနက်ထားပြီး အားသွန်ခွန်စိုက် ကြိုတင် ပြင်ဆင်ဆောင်ရွက်နေကြပါတယ်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေနဲ့ ကျေးလက်ဒေသသန့်ရှင်းတဲ့ သောက်ရေနဲ့ လုံလောက်တဲ့ရေရရှိရေးကို အဓိကတာဝန်ယူ ဆောင်ရွက်နေတဲ့ဌာနဖြစ်တာနဲ့အညီ စူပါအယ်လ် နီညိုကြောင့် သောက်ရေ၊ သုံးရေမပြတ်လပ်အောင် ဆောင်ရွက်ဖို့ တာဝန်ရှိပါတယ်။

ယခင် ၂၀၁၅-၂၀၁၆ ခုနှစ်ကစလို့ အယ်လ်နီညို ကြောင့် ရေခန်းခြောက်ခြင်းနဲ့ ရေပေးဝေခြင်းတွေ အတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ခဲ့တဲ့အတွေ့ အကြုံတွေရှိပြီးလည်းဖြစ်ပါတယ်။ ဒါပေမဲ့ ယခု ကြုံတွေ့ရမှာက စူပါအယ်လ်နီညိုဖြစ်တာကြောင့် ပိုပြီးအလေးထားဂရုပြုရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံ၏ သောက်သုံးရေရရှိမှုအခြေအနေ

မြန်မာနိုင်ငံဒေသအလိုက် ကျေးလက်ဒေသ သောက်သုံးရေရရှိမှု၊ သုံးစွဲမှုအခြေအနေဟာ ၂၀၁၄ သန်းခေါင်စာရင်း၊ ၂၀၁၈ကြားဖြတ်သန်းခေါင်စာရင်း နဲ့ ၂၀၂၄ သန်းခေါင်စာရင်းထုတ်ပြန်ချက်တွေအရ တိုးတက်လာတာ တွေ့ရပါတယ်။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ရေရရှိရေးကို မဟာဗျူဟာတွေ ရေးဆွဲဆောင်ရွက်ခဲ့တာဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်မှာ ၁၀၀ ရာခိုင်နှုန်း လွှမ်းခြုံဖို့ မျှော်မှန်းထားခဲ့ပါတယ်။

၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းအရ ကျေးလက်ဒေသရေရရှိရေး လွှမ်းခြုံမှုအခြေအနေက ၈၅ ရာခိုင်နှုန်းရှိကြောင်း သိရှိရပါတယ်-

စဉ်	သန်းခေါင်စာရင်းကောက်ယူမှု	နိုင်ငံတစ်ဝန်းလွှမ်းခြုံမှု	မြို့ပြ	ကျေးလက်
(က)	၂၀၁၄ သန်းခေါင်စာရင်း	၆၉.၄%	၈၇.၁%	၆၂.၃%
(ခ)	၂၀၁၈ ကြားဖြတ်သန်းခေါင်စာရင်း	၈၂%	၉၂.၃%	၇၇.၅%
(ဂ)	၂၀၂၄ သန်းခေါင်စာရင်း	၈၈.၃%	၉၄.၆%	၈၅%

၂၀၁၂ - ၂၀၂၆ ကာလအထိ ကျေးလက်ဦးစီးဌာနက ဆောင်ရွက်နိုင်မှု

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေနဲ့ ၂၀၁၂ - ၂၀၁၃ ကနေ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အထိ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဒေသအားလုံးကို လွှမ်းခြုံဆောင်ရွက်ခဲ့ရာမှာ အလျှုရှင်တွေ၊ ဒေသခံ ပြည်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်တဲ့ မဟာဗျူဟာ ကျင့်သုံးခဲ့ပြီး ရေရှားပါးတဲ့ကျေးရွာ၊ ရေမလုံလောက် တဲ့ကျေးရွာ၊ ရေမသန့်တဲ့ကျေးရွာတွေကို ဦးစားပေး ဆောင်ရွက်ခဲ့ပါတယ်။ ကျေးရွာပေါင်း ၃၅,၂၂၉ ရွာမှာ လုပ်ငန်းပေါင်း ၄၆၉,၂၂ ခုကို အောက်ပါရေပေးရေး စနစ်များ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်-

(က) တွင်းတိမ်	- ၆၈၅၁ တွင်း
(ခ) တွင်းနက်	- ၉၃၀၂ တွင်း
(ဂ) လက်တူးတွင်း (ကျယ်)	- ၄၃,၂၃ တွင်း
(ဃ) မြေသားရေကန်	- ၅၇၅၉ ကန်
(င) စိမ့်ဓမ်းရေသွယ်တန်းခြင်း	- ၅၄၁၄ တွင်း
(စ) အခြားရေရရှိရေးလုပ်ငန်းများ	- ၁၅၂၇၃ ခု

အခြားရေရရှိရေးလုပ်ငန်းတွေအနေနဲ့ကတော့ မြေသားရေကန်အနက်ရှိနိုင်ခြင်း/ ရေစုကန် တည်ဆောက်ခြင်း၊ မြစ်ရေတင်၊ ချောင်းရေတင် လုပ်ငန်းအမိမသွယ်ရေတိုင်စနစ်စတာတွေဖြစ်ပါတယ်။

ရေသန့်စင်စနစ်။။ ရေမသန့်တဲ့ဒေသနဲ့ မသန့်စင်တဲ့ ရေအရင်းအမြစ်တွေက ရေကို သန့်စင်ပေးနိုင်ဖို့ ရေသန့်စင်စနစ်တွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ ရန်ပုံငွေသုံးစွဲမှုအနေနဲ့ နိုင်ငံတော်ဘတ်ဂျက်အပြင် ပြည်တွင်း၊ ပြည်ပ အလှူရှင်၊ ပြည်သူထည့်ဝင်ငွေ၊ ဦးစီးဌာနက ဆောင်ရွက်နေတဲ့ ပြည်သူကိုယ်တိုင် စီမံခန့်ခွဲတဲ့ စီမံကိန်းတွေဖြစ်တဲ့ ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစီမံကိန်း၊ မြစ်မ်းရောင် ကျေးရွာစီမံကိန်းအတိုးရငွေ၊ ခေတ်မီစံပြကျေးရွာ စီမံကိန်း စတာတွေနဲ့လည်း ချိတ်ဆက်ပြီး နည်းလမ်း မျိုးစုံနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ရာမှာ ရေသန့်စင်စနစ် ပေါင်း ၁၅၃၀ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်-

(က) RO ရေသန့်စင်စနစ်	၃၇ ခု
(ခ) Life Straw ရေသန့်စင်စနစ်	၂၅၁ ခု
(ဂ) Ultrafiltration filter (UF Filter)	၁၁၉၀ ခု
(ဃ) Slow Sand Filter	၅၂ ခု

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ရေရှိရေး လုပ်ငန်းပေါင်း ၅၃၁ ခုကို လျာထားခဲ့ပြီး အချိန်မီ ပြီးစီးရေး ဆောင်ရွက်လျက်ရှိရာ ၇၅ ရာခိုင်နှုန်းပြီးစီး နေပြီး စူပါအယ်လ်နီညိုကာလမတိုင်မီ မြန်မြန်ပြီး လေ ကောင်းလေမို့ ဇန်နဝါရီလမှာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးအောင် မျှော်မှန်းဆောင်ရွက်လျက်ရှိပါတယ်။

ဦးစီးဌာနအနေနဲ့ ကျေးရွာရေပေးရေးဆိုင်ရာ အချက်အလက်တွေကောက်ယူနိုင်ဖို့ RWS MIS (Rural Water Supply Management Information System) တည်ထောင်ထားရှိပြီး ကျေးရွာရှိ ရေပေး ရေးလုပ်ငန်းတွေ အလုပ်ဖြစ်/ မဖြစ်၊ သန့်ရှင်းတဲ့ သောက်သုံးရေရရှိနေမှု၊ ရရှိမှုအဆင့်နဲ့ တိုးတက်မှု အခြေအနေတွေကို MIS Dashboard ကတစ်ဆင့် လေ့လာနိုင်စေဖို့ စီမံထားရှိပါတယ်။

နှစ်အလိုက်ရေပြတ်လပ်မှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေပေးဝေရေး ဆောင်ရွက်ပေးနိုင်မှု

ကျေးရွာတိုင်းဟာ ရေအရင်းအမြစ်တစ်ခုခုရှိတဲ့ နေရာမှာ တည်ရှိကြပေမယ့် အရင်းအမြစ်အလိုက် ကန်သတ်မှုရှိပြီး ရာသီဥတုအပေါ်မူတည်လို့ ရေရှားပါး မှုဖြစ်ပေါ်တတ်ပါတယ်။ ဥပမာ- မြေပေါ်ရေအရင်း အမြစ်ဖြစ်တဲ့ ကန်ရေဖြစ်ရင် မိုးခေါင်တဲ့နှစ်မှာ ရေဝင်နည်းပြီး အပူရှိန်ပြင်းရင် ရေစောစောခန်းကာ ရေရှားပါးမှုဖြစ်လေ့ရှိပါတယ်။

တွင်းတိမ်နဲ့ လက်တူးတွင်းတွေဟာလည်း မြေပေါ်ရေအခြေခံဖြစ်လို့ မိုးနည်းပြီး အပူရှိန်ပြင်းရင် ရေထွက်လျော့နည်းတတ်သလို စိမ့်စမ်းရေထွက်တွေ ဟာလည်း သစ်ပင်တွေ မစိုက်ပျိုးခြင်း၊ သစ်တော မထိန်းသိမ်းခြင်းတို့ကြောင့် မိုးနည်းတဲ့နှစ်တွေမှာ ရေထွက်နည်းလာပြီး ရေရှားတတ်ပါတယ်။ နွေရာသီ ရေရှားပါးမှုဖြစ်လေ့ရှိတဲ့ကျေးရွာတွေကို ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြိုတင်စီမံ ချိတ်ဆက်ပြီး ရေပေးဝေရေးဆောင်ရွက်ပေးခဲ့သလို ကျေးရွာတွေကနေ ဆက်သွယ်သတင်းပေးပို့လာခဲ့ ရင်လည်း ဆောင်ရွက်ပေးပါတယ်။

နှစ်အလိုက် ရေပေးဝေမှု ဆောင်ရွက်ခဲ့ရတဲ့ ကျေးရွာအရေအတွက်ဟာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အယ်လ်နီညိုကာလမှာ အများဆုံးဖြစ်ပြီး ကျေးရွာ ပေါင်း ၅၂၇ ရွာ၊ ရေဂါလန်ပေါင်း ၁၅ ဒသမ ၇၂၇ သန်း ပေးဝေခဲ့ရပါတယ်။ ကျေးရွာအရေအတွက် အနေနဲ့ကတော့ ၂၀၁၆ ခုနှစ်မှာ အများဆုံးဖြစ်ပြီး ရွာပေါင်း ၈၆၀ ကို ရေဂါလန်ပေါင်း ခုနှစ်သန်းကျော် ပေးဝေခဲ့ရပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေနဲ့ ရေရှားပါးတဲ့ကျေးရွာတွေရဲ့ ရေအရင်းအမြစ် တည်ရှိမှုကို Physiography(PG) လုပ်ပြီး မြေအောက် ရေ၊ မြေပေါ်ရေ၊ စိမ့်စမ်းရေစသဖြင့် လေ့လာ တိုင်းတာပြီး ရနိုင်တဲ့နည်းလမ်းတွေကို ဖော်ထုတ်ပြီး သမားရိုးကျစနစ်မှ စာမျက်နှာ ၉ သို့ ★

★ စာမျက်နှာ ၈ မှ

ဖောက်ထွက်ကာရန်ငိုတဲ့ နည်းလမ်းစုံကို အသုံးချ ဆောင်ရွက်နေပါတယ်။ ဆောင်ရွက်တဲ့နည်းလမ်း တွေကတော့-

(က) မြေအောက်ရေ အရင်းအမြစ်မရှိတဲ့ ကျေးရွာအတွက် အနီးအနားပတ်ဝန်း ကျင် ကျေးရွာတွေကနေ မြေအောက်ရေ ရရှိနိုင်တဲ့ မြေနေရာရှိအောင်စီမံပြီး စက်ရေတွင်းတူးကာ ပိုက်လိုင်းနဲ့ သွယ်တန်းပေးပို့ခြင်း။

(ခ) မြေအောက်ရေရရှိနိုင်တဲ့ နေရာမှာ ရေတွင်းတူးပြီး အခြားရေမရတဲ့ ကျေးရွာ တွေကို စုပေါင်းရေဖြန့်ဝေခြင်းစနစ်ကို ဌာနခဲ့ ရေကော်မတီတို့ ပူးပေါင်းစီမံ ဆောင်ရွက်ခြင်း။

(ဂ) စိမ့်စမ်းရေထွက်တစ်ခုကနေ ရေထွက် လုံလောက်ရင် အခြားကျေးရွာတွေကို စုပေါင်းရေဖြန့်ဝေပေးခြင်းကို ကျေးရွာ အလိုက် ရေကော်မတီ၊ ပင်မရေကော်မတီ တို့ ဖွဲ့စည်းပြီး ဦးစီးဌာနက ကြီးကြပ် ဆောင်ရွက်ပေးခြင်း။

(ဃ) ရေအရင်းအမြစ်ရှိပေမယ့် ရေမသန့်ရင် ရေသန့်စင်စနစ်တွေ ဆောင်ရွက်ပေးခြင်း တို့ဖြစ်ပါတယ်။

ရေပေးဝေခဲ့ရတဲ့ ကျေးရွာပေါင်း ၂၄၅၈ ရွာမှာ ရေရရှိရေးစနစ်တွေ ရှာဖွေဆောင်ရွက်ပေးခဲ့ရာ ၂၀၁၆-၂၀၁၇ မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အထိ ကျေးရွာပေါင်း ၂၁၉၇ ရွာကို ပုံမှန်ရေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

စုပေါင်းရေပေးဝေရေးစနစ်တွေကို ကယား၊ ချင်း၊ စစ်ကိုင်း၊ တနင်္သာရီ၊ မန္တလေး၊ မွန်၊ ရခိုင်၊ ရှမ်း(တောင်)၊ ရှမ်း(အရှေ့)နဲ့ ဧရာဝတီတို့မှာ နှစ်ရွာ စုပေါင်းလုပ်ငန်း ၂၅ ခု၊ သုံးရွာ စုပေါင်းလုပ်ငန်း ၁၅ ခု၊ လေးရွာ စုပေါင်းလုပ်ငန်း ခြောက်ခု၊ ငါးရွာစုပေါင်း လုပ်ငန်း ခုနစ်ခု၊ ခြောက်ရွာစုပေါင်းလုပ်ငန်း ခြောက်ခု၊ ခုနစ်ရွာ စုပေါင်းလုပ်ငန်း တစ်ခု၊ ၁၀ ရွာ စုပေါင်း လုပ်ငန်း တစ်ခု၊ ၁၂ ရွာ စုပေါင်းလုပ်ငန်း နှစ်ခု၊ ရွာ ၂၀ စုပေါင်းလုပ်ငန်းတစ်ခု၊ ၁၀၅ ရွာ စုပေါင်းလုပ်ငန်း တစ်ခု စုစုပေါင်းလုပ်ငန်း ၆၅ ခုကို ကျေးရွာပေါင်း ၃၅၆ ရွာအတွက် ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ပါတယ်။

စုပါအယ်လ်နီညီကြောင့် ယခု ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ် အောက်တိုဘာလကနေ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်၊ ဇန်နဝါရီ-ဖေဖော်ဝါရီလအထိ အပူရှိန် ပြင်းထန်မှုကြောင့် ရေကန်များ ခန်းခြောက်မှုဖြစ်နိုင် ကာ တွင်းတိမ်တွေ၊ စိမ့်စမ်းရေသွယ်တွေ ရေထွက် နည်းနိုင်ပြီး ရေရှားပါးမှုပြဿနာ ဖြစ်လာနိုင်ပါ တယ်။ ဒါကြောင့် ဦးစီးဌာနအနေနဲ့ ကြိုတင်ပြင်ဆင် ဆောင်ရွက်မှုတွေ စတင်လုပ်ဆောင်နေပြီဖြစ်ပါ တယ်။

ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများ

(က) ယခင်နှစ် အတွေ့အကြုံအရ ရေပေးဝေရ တဲ့ ရေရှားတဲ့ကျေးရွာစာရင်း ပြုစုထား ခြင်း၊ ကျေးရွာတွေနဲ့ ချိတ်ဆက်ထားရှိခြင်း၊

(ခ) ထိုကျေးရွာတွေရဲ့ လက်ရှိအခြေအနေကို Feasibility Study (FS) ကောက်ယူထားရှိ ခြင်း၊

(ဂ) ရေဖြန့်ဝေပေးနိုင်ဖို့ "ရေရယူရမယ့်" ရေအရင်းအမြစ်တွေနဲ့ ကျေးရွာတွေ စာရင်းပြုစုထားခြင်း၊

(ဃ) ရေဖြန့်ဝေဖို့ ရေသန့်စင်စက်တွေ၊ ရေသယ်ကားတွေ ကောင်းမွန်ကြွှိုင်မှု ရှိအောင် ကြိုတင်စစ်ဆေးထားခြင်းနဲ့ ရေသန့်စင်ကားတွေအတွက် လိုအပ်တဲ့ ဓာတုပစ္စည်းတွေ စုဆောင်းထားရှိပြီး အသုံးပြုနည်းနဲ့ ပြင်ဆင်ထိန်းသိမ်းရေး သင်တန်းတွေ ပို့ချထားရှိခြင်း၊

(င) ရေသယ်ကား၊ Water Boxer စာရင်းကို မြို့နယ်အလိုက် (ဌာနအလိုက် စာရင်း ကောက်ယူထားရှိထားခြင်း)၊

(စ) စီမံချက်ရေးဆွဲထားရှိခြင်း၊

(ဆ) အသိပညာပေးခြင်း။

ပညာပေးဆွေးနွေးခြင်း။ ကြိုတင်စီမံထားရှိမှုတွေ အနက် အသိပညာပေးခြင်းဟာ အလွန်ပဲအရေးကြီး ပါတယ်။ တစ်ဦးချင်း၊ တစ်အိမ်ချင်း၊ တစ်ရွာချင်း၊ တစ်မြို့ချင်း သိရှိလိုက်နာ ဆောင်ရွက်သင့်တာတွေ ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် ဆောင်ရွက်ပေး ရမှာဖြစ်ပါတယ်။ အောက်ဖော်ပြပါအချက်တွေကို လိုက်နာဆောင်ရွက်ကြမယ်ဆိုရင် ထိရောက်စွာ ကာကွယ်နိုင်၊ ရေပြတ်လပ်မှု လျော့ချနိုင်မှာဖြစ်ပါ တယ်-

(က) ရေကို ချွေတာသုံးစွဲဖို့၊

(ခ) ရေကို ရနိုင်သမျှလှောင်ထားဖို့ (ရွာတွေမှာ ဆိုရင် ရာဝင်အိုးတွေ၊ ကျောက်ခွေတွေ၊ အိုးတွေ စသဖြင့် နည်းလမ်းမျိုးစုံနဲ့ လှောင်ထားတတ်ကြပါတယ်)၊

(ဂ) မြစ်ချောင်းတွေကနေ ရေချိုကို နီးစပ်ရာ ကန်တွေမှာ ဖြည့်သွင်းသိုလှောင်ထား ရှိခြင်း၊ မြေအောက်ရေသိုလှောင်ခြင်း (ဥပမာ- Sand Dam၊ စိမ့်ဝင်ရေကန်များ တည်ဆောက်ခြင်း၊ ရေကို မြေအောက် ရေလွှာထဲသို့ တိုက်ရိုက်ထိုးသွင်းခြင်း၊ မိုးရေ မျက်နှာပြင်စီးဆင်းမှုကို စုဆောင်း ပြီး စစ်ထုတ်ကာ မြေအောက်သို့ စိမ့်ဝင် စေခြင်း၊ ရေပိုယ္ယာခ်ိန်မှာ ရေတွင်းတစ်တွင်း တည်းကို အသုံးပြုပြီး ရေကို မြေအောက် ရေလွှာထဲသို့ ထိုးသွင်းသိုလှောင်ပြီး ရေလိုအပ်ချိန်မှာ ထိုရေတွင်းမှတစ်ဆင့် ပြန်လည်ရယူခြင်း)

(ဃ) ရေပေးရေးဆိုင်ရာအခြေခံအဆောက်အအုံ နဲ့ စက်ပစ္စည်းတွေ ကြွှိုင်ကြောင်းမွန်ပြီး ပုံမှန်လည်ပတ်နိုင်ရန် ရေကော်မတီတွေနဲ့ ကြိုတင်စစ်ဆေး ပြင်ဆင်ထားဖို့။

ဒါ့အပြင် အချိန်နဲ့တစ်ပြေးညီ ဆက်သွယ်ဆောင် ရွက်နိုင်စေဖို့၊ ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ဖို့နဲ့ အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်နိုင်စေဖို့ ဆက်သွယ်ရေးနည်းလမ်းပေါင်းစုံကို ဖွင့်ပေးထားဖို့ လိုအပ်တဲ့အတွက် အောက်ပါအတိုင်း စီစဉ်ထားရှိ ပါတယ်-

(က) ကျေးရွာတွေနဲ့ ဌာနဆိုင်ရာတွေ (အဓိက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနဲ့ ကျေး လက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တို့)အချိန်နဲ့တစ်ပြေးညီ ဆက်သွယ်နိုင်ရေး၊ ကြိုတင်ချိတ်ဆက်ထားရှိနိုင်ရေး အတွက် ဖုန်းနံပါတ်တွေ ဖြန့်ဝေထားပြီး ဖုန်း၊ Viber တို့မှတစ်ဆင့် သတင်းပို့နိုင်ဖို့ ဆောင်ရွက်ထားရှိခြင်း၊

(ခ) ဒေသစုံ၊ နေရာစုံမှ သိရှိလျှုဒါန်းခြင်း၊ ပါဝင်ကူညီခြင်း၊ သတင်းမေးမြန်းခြင်းများ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ဖို့ www.waterdonation.org ဝက်ဘ်ဆိုက် တည်ထောင်ထားရှိပြီး သတင်းအချက် အလက်တွေကိုလည်း အချိန်နဲ့တစ်ပြေးညီ ချိတ်ဆက်ဖော်ပြသွားမှာဖြစ်ခြင်း။

အဖွဲ့အစည်းပေါင်းစုံ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ကြိုတင်စီမံခြင်း

မြို့နယ်အလိုက် ရရှိတဲ့သတင်းအချက်အလက် တွေအပေါ် အခြေခံပြီး ဌာနဆိုင်ရာတွေ၊ လူမှုရေး အသင်းအဖွဲ့တွေ၊ အလှူရှင်တွေနဲ့ ချိတ်ဆက် ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်သလို ရေဖြန့်ဝေဖို့ ရေသယ်ယာဉ်တွေအတွက် စက်သုံးဆီရရှိစေရေးကို လည်း ကြိုတင်ပြင်ဆင်လျာထားပြီး ချက်ချင်း တုံ့ပြန်ဆောင်ရွက်နိုင်ဖို့ အစီအမံတွေကို မြို့နယ် အလိုက် ရေးဆွဲထားရှိပါတယ်။

ရေတွင်းတူးစက်ကြီးများနှင့် ရေသန့်စင်ကားများ၊ ရေသယ်ယာဉ်များ အဆင်သင့်ဖြစ်ခြင်း

ကျေးလက်ဦးစီးအနေနဲ့ အရေးပေါ်ရေတွင်းတူးဖို့ ချောင်း၊ မြောင်း၊ ဆည်ရေကို ရေသန့်စင်နိုင်မယ့် ရွှေ့လျားရေသန့်စင်ကားကြီးတွေနဲ့ ရေသယ်ကား တွေကို အဆင်သင့်သုံးစွဲနိုင်ဖို့ ပြင်ဆင်ထားရှိပါ တယ်-

(က)	ရေတွင်းတူးစက်ကြီး	- ၁၃ စီး
(ခ)	ရေတွင်းတူးစက်ငယ်	- ၃ စီး
(ဂ)	လေမှုတ်စက်	- ၁၆ စီး
(ဃ)	ကရိန်းကား	- ၈ စီး
(င)	ရေသယ်ယာဉ်	- ၂၈ စီး
(စ)	ရေသန့်စင်ကား	- ၁၁ စီး
(ဆ)	မြေပြင်ရေတိုင်းတာစက်	- ၁၅ ခု
(ဇ)	Water Quality Test Kit	- ၁၆ ခု

ဌာနဆိုင်ရာစက်ယန္တရားတွေအပြင် ပုဂ္ဂလိက စက်ယန္တရားတွေနဲ့လည်း ပူးပေါင်းဆောင်ရွက်သွား မှာဖြစ်ပါတယ်။

စုပါအယ်လ်နီညီကာလ အောက်တိုဘာလမှ စတင်ပြီး နွေရာသီကာလအပါအဝင် မေလ၊ မိုးမကျမီကာလအထိ လေးလမှ ငါးလအထိ ကြာမြင့် နိုင်လို့ ပြင်းထန်ပါတယ်။ ကျေးရွာတွေကို ကွင်းဆင်း ကြမယ့်ဝန်ထမ်းတွေ၊ ရေပေးဝေရေးလုပ်ငန်းအပါ အဝင် ဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်ကြမယ့် ဝန်ထမ်းတွေလည်း အပူရှိန်ကြောင့် ကျန်းမာရေးဆိုး နိုက်အောင် အထူးဂရုစိုက်ဖို့ အရေးကြီးပါတယ်။

ကွင်းဆင်းဆောင်ရွက်မှုတွေကို နံနက်ပိုင်း စောစောနဲ့ ညနေ ၃ နာရီနောက်ပိုင်းသာ ဆောင်ရွက် သင့်ပြီး နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအတွင်း အထူးသတိထားဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနကလမ်းညွှန်ချက်တွေကို အထူးလိုက်နာဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

တစ်ယောက်အားနှင့်မရ - စုပေါင်းအားဖြင့် ကျော်လွှားကြမယ်

လက်ရှိကောက်ယူထားရှိတဲ့စာရင်းအရ နိုင်ငံ တစ်ဝန်း ကျေးရွာပေါင်း ၃၆၆ ရွာ ရေပြတ်လပ်နိုင်ခြေ ရှိပြီး လူဦးရေ ၂ ဒသမ ၇ သိန်းခန့် ခံစားရနိုင်ခြေရှိပါ တယ်။ ဖြစ်ချင်မှဖြစ်မယ်။ ခန့်မှန်းချက်သာ ဖြစ်ပါ တယ်။ ဒီအတွက်လည်း ရေပေးဝေရေးအစီအမံတွေ ကြိုတင်စီမံထားရှိပြီးဖြစ်ပါတယ်။ ဒါပေမဲ့ စုပါ အယ်လ်နီညီရဲ့ သက်ရောက်မှုက ရေပြတ်လပ်မှု တစ်ခုတည်းမဟုတ်ဘဲ အခြားသက်ရောက်မှုတွေ လည်း များစွာရှိမှာဖြစ်တဲ့အတွက် ကျွန်တော်တို့ တစ်ဦးတစ်ယောက်ချင်းစီမှသည် စုပေါင်းအားဖြင့် ဌာနဆိုင်ရာတွေ၊ ပုဂ္ဂလိကလုပ်ငန်းရှင်တွေ၊ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းတွေ၊ ရပ်မိရပ်ဖတွေ၊ ကျေးလက်ပြည်သူတွေ စုပေါင်းဆောင်ရွက်ပြီး ဒီကာလကို တောင့်ခံကျော်ဖြတ်ကြရမှာ ဖြစ်ပါ တယ်။

သတိပေးချက်တွေကို မပြတ်နားစွင့်ပြီး ညွှန်ကြားချက်တွေနဲ့အညီ လိုက်နာနေထိုင်ခြင်းဖြင့် နေ့စဉ်လူနေမှုဘဝ သာယာအောင်၊ ဘေးကင်း အောင်၊ ကျန်းမာစွာ ဖြတ်သန်းနိုင်အောင် ကြိုးစား နေထိုင်ဖြတ်သန်းကြရမှာ ဖြစ်ပါတယ်။ လိုအပ်တဲ့ နေရာတွေကို ဝိုင်းဝန်းကူညီဖြည့်ဆည်းနိုင်အောင် လည်း အဆင်သင့်ပြင်ဆင်ထားကြရပါမယ်။ အားလုံးပူးပေါင်းပါဝင်ဖို့လည်း လိုအပ်ပါတယ်။

ဘယ်လို ပူးပေါင်းပါဝင်ကြမလဲ

စုပါအယ်လ်နီညီရဲ့ အန္တရာယ်ကို သိရှိအောင် လုပ်ပေးခြင်း၊ အသိပညာပေးခြင်း၊ ရေကို ချွေတာ သုံးစွဲခြင်း၊ ရေသိုလှောင်ခြင်း၊ ကိုယ်ချင်းစာတရား ထားရှိခြင်း၊ လိုအပ်သူကို ကူညီပံ့ပိုးခြင်းတို့ဖြင့် ပူးပေါင်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ စုပါ အယ်လ်နီညီဖြစ်စဉ်ကို ရှောင်လွှဲလို့မရနိုင်တဲ့ အတွက် ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ကြိုတင် ပြင်ဆင်မှု၊ အန္တရာယ်ကိုသိအောင် အသိပညာပေးမှု၊ ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးနိုင်မှုနဲ့ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်မယ့် အစီအမံ ကောင်းတွေ၊ စီမံချက်တွေ ရေးဆွဲထားရှိမှု၊ ပူးပေါင်း ဆောင်ရွက်မှုတို့ကသာ ထိခိုက်မှုကို လျော့ပါး သက်သာစေမှာဖြစ်တဲ့အတွက် အားလုံးပူးပေါင်း ဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းရင်း...။ ။



အိမ်တွင်းသုံးရေချွေတာရေး

ပိုက်ယိုစိမ့်မှုများကို စစ်ဆေးပါ၊ ရေပိုက်ခေါင်းများ၊ ရေစည်ပိုင်းများ ကျိုးပျက်ယိုစိမ့်နေခြင်း ရှိ/မရှိ ပုံမှန်စစ်ဆေးပြီး အမြန်ပြုပြင်ပါ။



အိမ်တွင်းသုံးရေချွေတာရေး

အဝတ်လျှော်ရာတွင် တစ်ထည်ချင်း/နည်းနည်းချင်း မလျှော်ဘဲ ပေါင်းလျှော်ပါ။ အဝတ်လျှော်စက်သုံးလျှင် တစ်ခါတည်း စုပြီးလျှော်ပါ။ ပန်းကန်ဆေးစက် အသုံးပြုရာတွင်လည်း စက်က ဆေးကြောနိုင်သည့် ပန်းကန် အရေအတွက်အထိစောင့်၍ စုစည်းဆေးကြောပါ။



အိမ်တွင်းသုံးရေချွေတာရေး

ရေကို စနစ်တကျအသုံးပြုမှု အလေ့အထများကို အသိပညာပေး မှုဝေပါ။ မိမိတို့၏ အသိုက်အဝန်း၊ လုပ်ငန်းခွင်၊ သူငယ်ချင်းများနှင့် မိသားစုအတွင်း ရေချွေတာသုံးစွဲခြင်း၏ အရေးပါပုံကို အသိပညာပေးမှုဝေခြင်းဖြင့် ဝိုင်းဝန်း ပါဝင်ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန သစ်လွင်သူနာပြုများအား နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ပေးအပ်သည့် ခန့်အပ်လွှာပေးအပ်

နေပြည်တော် နိုဝင်ဘာ ၃

ကျန်းမာရေးဝန်ကြီးဌာန၏ သစ်လွင်သူနာပြုများအား နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ပေးအပ်သည့် ခန့်အပ်လွှာပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တာဝန်ပေးအပ်ပွဲတွင် သူနာပြုတက္ကသိုလ် (ရန်ကုန်)မှ သူနာပြုသိပ္ပံဘွဲ့(ပုံမှန်) အောင်မြင်သူ ၂၈၃ ဦးနှင့် သူနာပြုတက္ကသိုလ်(မန္တလေး)မှ သူနာပြုသိပ္ပံဘွဲ့(ပုံမှန်)အောင်မြင်သူ ၁၇၉ ဦး စုစုပေါင်း ၄၆၂ ဦးအား နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ပေးအပ်သည့် ခန့်အပ်လွှာများပေးအပ်မည်ဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၆ ခုနှစ် ဒီဇင်ဘာလတွင် သူနာပြု ၂၄၄၃ ဦးတို့အား သစ်လွင်သူနာပြုများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် ဆက်လက်စီစဉ်ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါအခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက



နိုင်ငံတော်အနေဖြင့် ပညာရေး၊ကျန်းမာရေးကဏ္ဍများတို့းတက်အောင်ဆောင်ရွက်လျက်ရှိရာ သူနာပြုများ နေထိုင်ရန်အဆောက်အအုံများ ဆောက်လုပ်ပေးခြင်း၊ ရရှိထားသောပညာအရည်အချင်းအလိုက် ထောက်ပံ့ကြေးများ၊ ရာထူးအဆင့်အလိုက် လစာသွန်းတိုးမြှင့်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် Capacity Building အတွက် သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီး မိမိတို့အရည်အသွေးတိုးတက်လာစေရေးအတွက် ကြိုးစားကြစေလိုကြောင်း၊ သစ်လွင်သူနာပြုများကို ကျန်းမာရေးဝန်ကြီးဌာနမှ မိသားစုဝင်အဖြစ် ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုကြိုဆိုပါကြောင်း၊ ပြည်သူလူထုအားကိုးအားထားရသောသူနာပြုဆရာဆရာမကောင်းများဖြစ်ရန် ကြိုးစားကြစေလိုကြောင်း၊ အချင်းချင်း အပြန်အလှန်လေးစားပြီး ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် နိုင်ငံတော်အကျိုး၊ ပြည်သူလူထုအကျိုးအတွက် ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များ ပြည့်မီအောင် ဆတက်ထမ်းပိုးကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သစ်လွင်သူနာပြုစုစုပေါင်း ၄၆၂ ဦးကိုယ်စား သစ်လွင်သူနာပြုနှစ်ဦးအား နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ပေးအပ်သည့် ခန့်အပ်လွှာများပေးအပ်ခဲ့ပြီး သူနာပြုတက္ကသိုလ် (ရန်ကုန်)မှ သစ်လွင်သူနာပြုတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မကွေးမြို့ တိုင်းပြည်သူ့ဆေးရုံကြီးနှင့် သင်ကြားရေးဆေးရုံကြီးတို့တွင် အယ်လ်နီညိုရာသီဥတုဒဏ်ကာကွယ်ရေး ကြိုတင်ပြင်ဆင်ထားရှိ



မကွေး နိုဝင်ဘာ ၃

မကွေးတိုင်းဒေသကြီး မကွေးမြို့ တိုင်းပြည်သူ့ဆေးရုံကြီးတွင် အယ်လ်နီညိုဖြစ်စဉ်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် အပူလွန်ကဲမှုဆိုင်ရာ ကျန်းမာရေးပြဿနာများနှင့် အပူဒဏ်ကြောင့်ဖြစ်ပွားတတ်သော ကူးစက်ရောဂါများ ကြိုတင်ကာကွယ် ထိန်းချုပ်နိုင်ရေးအတွက် အရေးပေါ်ဆေးဝါးနှင့် ဆေးပစ္စည်းများကြိုတင်စုဆောင်း ပြင်ဆင်ထားရှိကြောင်း အဆိုပါ ဆေးရုံမှ သိရသည်။

တိုင်းပြည်သူ့ဆေးရုံကြီးတွင် ဆေးဝါးနှင့် ဆေးပစ္စည်းများ ကြိုတင်စုဆောင်း ပြင်ဆင်ထားရှိမှု၊ သောက်သုံးရေ လုံလောက်စွာ ရရှိရေးနှင့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ထားရှိမှု၊ ဆေးရုံတက် လူနာများအား ဆေးကုသပေးနေမှု အခြေအနေကို ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကိုသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့် အတူ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကာ ဆေးကုသမှု ခံယူနေသည့် လူနာများအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများ လှူဒါန်းသည်။

ထို့အတူ သင်ကြားရေးဆေးရုံကြီးတွင် အယ်လ်နီညိုရာသီဥတုကာကွယ်ရေးအတွက် အရေးပေါ်လူနာဌာန၊ လူနာဆောင်များနှင့် ဆေးဝါးသိုလှောင်ရုံများအတွင်း ပြင်ဆင်ထားရှိမှု၊ လေဝင်လေထွက် ကောင်းမွန်ရေးနှင့် အပူဒဏ်သက်သာစေရန် စီမံထားရှိမှု၊ အရေးပေါ်ခွဲစိတ်ကုသရန်လိုအပ်သည့် လူနာများအတွက် ၂၄ နာရီ အချိန်မရွေးဆောင်ရွက်ပေးနိုင်ရန် ခွဲစိတ်ခန်းများနှင့် Mobile OT ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ဆေးကုသဆောင်နှင့် လိုအပ်သည့် နေရာများတွင် တပ်ဆင်အသုံးပြုနိုင်ရန် လေအေးပေးစက်များ တပ်ဆင်နိုင်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဆေးကုသမှု ခံယူနေသူ လူနာများအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဆေးတက္ကသိုလ် (မကွေး)၌ Recreation Center ဆောက်လုပ်နေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား အဆောက်အအုံ ရေရည်ခိုင်ခံ့ရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ လုပ်ငန်းခွင် အန္တရာယ် ကင်းရှင်းရေးတို့နှင့် စပ်လျဉ်း၍ မှာကြားခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

ပေါင်မြို့နယ်၌ မွန်လုပ်ငန်းရှင်များအသင်း(MEA)၏ စီးပွားရေးအခွင့်အလမ်းစကားပိုင်းနှင့် မြို့နယ်အမှုဆောင်အဖွဲ့ရွေးချယ်ပွဲ ပြုလုပ်



ပေါင် နိုဝင်ဘာ ၃

မွန်ပြည်နယ် ပေါင်မြို့နယ်၌ မွန်လုပ်ငန်းရှင်များအသင်း(MEA)၏ စီးပွားရေးအခွင့်အလမ်းစကားပိုင်းနှင့် မြို့နယ်အမှုဆောင်အဖွဲ့ရွေးချယ်ပွဲကို ယမန်နေ့နံနက်ပိုင်းက အထက(ပေါင်)ရွေရတုခန်းမ၌ ပြုလုပ်သည်။

ဦးစွာ MEA နာယက ဦးအောင်သိန်းက အမှာစကားပြောကြားသည်။ထို့နောက် အမှုဆောင်အဖွဲ့ဝင် နိုင်ဇည်းအောင်က မွန်လုပ်ငန်းရှင်များအသင်း(MEA)ကို ၂၀၁၈ ခုနှစ် ဇူလိုင် ၇ ရက်တွင် မော်လမြိုင်မြို့ရာမညဟိုတယ်၌ စတင်ဖွဲ့စည်းခဲ့သည့် နောက်ခံသမိုင်း၊ MEA ၏ ရည်ရွယ်ချက်၊ ပြည်တွင်း/ပြည်ပ ခရီးစဉ်များနှင့် ရရှိခဲ့သည့်အောင်မြင်မှုများ၊ ရှေ့လုပ်ငန်းစဉ်များနှင့် အသင်းဝင်သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီးပွားရေးစကားပိုင်းကိုကျင်းပရာ အမှုဆောင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးကျော်စိန်ဝင်း၊ နိုင်သိန်းဇော်၊ မိဆွေဇောသူနှင့် ဦးမင်းအောင်မြင့်တို့က ပေါင်မြို့နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းဆိုင်ရာ အခွင့်အလမ်းများနှင့်ပတ်သက်၍ အပြန်အလှန်ဆွေးနွေးပြောကြားသည်။

ထို့နောက် ပေါင်မြို့နယ်အဆင့် မွန်လုပ်ငန်းရှင်များအသင်း (MEA) အမှုဆောင်အဖွဲ့ကို အဖွဲ့ဝင် ၁၅ ဦးတို့ဖြင့် စနစ်တကျပြန်လည်ဖွဲ့စည်းခဲ့ပြီး မြို့နယ်အသင်းဥက္ကဋ္ဌ ဦးသက်ထွန်းက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် မြင်ကွန်းနယ်မြေ မီးသတ်စခန်း၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွန်မဲ့)သင်တန်း (၁/၂၀၂၆)ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းတွင် အဆိုပါ စခန်းဝင်းအတွင်း၌ ကျင်းပစဉ်။ ခရိုင်(ပြန်/ဆက်)

ရေနံချောင်းမြို့နယ်၌ အပူဒဏ်အန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

ရေနံချောင်း နိုဝင်ဘာ ၃

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်တွင် အယ်လ်နီညိုနှင့် အပူဒဏ်အန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ရေနံချောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းက အယ်လ်နီညို ရာသီဥတုကြောင့် မိုးရွာသွန်းမှုများ မူမမှန်ခြင်း၊ မိုးခေါင်ခြင်း၊ ရေရှားခြင်းများ ဖြစ်ပေါ်လာနိုင်သည့် အတွက် သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေး၊ ရေကိုကြိုတင်စုဆောင်းထားရှိရန်နှင့် ရေကိုလေလွင့်မှုမရှိအောင် စနစ်တကျသုံးစွဲကြရန် ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

နော်လူး



ရေရှားမည့်ဘေးရှောင်ရှားဖို့၊ ရေချို အရင်းအမြစ်များကို ထိန်းသိမ်းစို့

သမဝါယမကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၃

သမဝါယမစနစ်ဖြင့် ကုန်ထုတ်လုပ်ငန်းများကို တိုးတက်အောင်ဆောင်ရွက်ရန်၊ မြန်မာ့အစဉ်အလာနှင့်ကိုက်ညီသည့် စုပေါင်းသမဝါယမစနစ်ကို ဖော်ဆောင်ပြီး တောင်သူများ စုပေါင်းစိုက်ပျိုးသည့် စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လမ်းညွှန်ချက်များအား မျှော်မှန်းချက်၊ ရည်မှန်းချက်များအဖြစ် ခံယူဆောင်ရွက်သွားရန် လိုအပ်ကြောင်း ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ရုံးအမှတ်(၁၆) သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပသည့် သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက ပြောကြားခဲ့သည်။



ဆက်လက်၍ သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေး ပြုပြင်ပြောင်းလဲရာတွင် အဓိကအချက်ဖြစ်သည့် သမဝါယမစနစ် ပီပြင်စွာဖြစ်ပေါ်လာစေရန်၊ ခိုင်မာအားကောင်းသော စဉ်ဆက်မပြတ်အသင်းများ ဖြစ်လာစေရန်၊ နိုင်ငံစီးပွားဖြင့်တင်ရေးတွင် အဓိကမောင်းနှင်အား အသင်းများဖြစ်ရန်၊ ချေးငွေအပေါ် အခြေခံရပ်တည်ခြင်းမှသည် ကိုယ်တိုင်ရပ်တည်လည်ပတ်နိုင်သည့် အသင်းများအဖြစ် မြှင့်တင်ဆောင်ရွက်ရန်၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုရှိသော၊ ကောင်းမွန်သော စီမံခန့်ခွဲမှုရှိသည့် အဂတိကင်းစင်သော အသင်းများဖြစ်ရန် အထူးအလေးထား ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့ပြင် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ် ဦးအောင်သူရနှင့် ဗဟိုသမဝါယမ အသင်းလီမိတက်မှ တာဝန်ရှိသူတို့က သမဝါယမကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး/ပြည်နယ် သမဝါယမဦးစီးဌာန ဦးစီးမှူးများနှင့် တိုင်းဒေသကြီး/ပြည်နယ်အသင်းစုချုပ်ဥက္ကဋ္ဌများက မိမိတို့ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးနှင့် တာဝန်ရှိသူများက သမဝါယမကဏ္ဍဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့မှု၊ ဆက်လက်ဆောင်ရွက်မည့် အဓိကအစဉ်များနှင့်ပတ်သက်၍ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများနှင့် အသင်းစုချုပ်ဥက္ကဋ္ဌများ၏ တင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြသည့် စိုက်ပျိုးရေး၊ မွေးမြူရေး စီမံကိန်းများနှင့်စပ်လျဉ်းပြီး ဆောင်ရွက်မည့် လုပ်ငန်းအသေးစိတ်၊ အကောင်အထည်ဖော်မည့်ကာလ၊ ဘဏ္ဍာငွေဖြည့်တင်းမည့် အစီအစဉ်၊ တိုင်းတာမည့်အညွှန်းကိန်းများ ပါဝင်သည့် ရှေ့လုပ်ငန်းစဉ်များ၊ ရာသီအလိုက်၊ နှစ်အလိုက် စီမံချက်များကို အသင်းအလိုက်၊ မြို့နယ်အလိုက်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ရေးဆွဲထားရှိရန်နှင့် SOP များ ရေးဆွဲဆောင်ရွက်ရန်၊ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မပြတ်သုံးသပ်အကဲဖြတ်ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နေပြည်တော်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ငြိမ်းချမ်းသာယာရေးအထူးဆုတောင်းပွဲ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ငြိမ်းချမ်းသာယာရေးအထူးဆုတောင်းပွဲ(၂၀၂၆)ကိုယနေ့ နံနက် ၉ နာရီက နေပြည်တော်ရှိ Jasmine Hotel ၌ ကျင်းပသည်။



ဆုတောင်းပွဲတွင် မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော် အဖွဲ့ချုပ်ကြီးများမှ ဆရာတော်များ၊ ဂိုဏ်းပေါင်းစုံမှ ခရစ်ယာန် ဘာသာဝင်များ၊ တိုင်းရင်းသားလူငယ်များ ဂုဝဝ ခန့်က ဓမ္မသီချင်းများ စုပေါင်းသီဆိုခြင်း၊ ဂုဏ်တော်ချီးမွမ်းခြင်းတို့ ဆောင်ရွက်ကြသည်။

ထို့ပြင် ဆုတောင်းပွဲတွင် မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ် ဥက္ကဋ္ဌ ကာဒီနယ်ချာလဲစ်ဘို၊ အောက်မြန်မာပြည်မက်သဒစ်အသင်းတော် ဂိုဏ်းချုပ်ဆရာတော်ကြီး ဒေါက်တာဦးမြတ်ဆန်းနှင့် မြန်မာနိုင်ငံခရစ်ယာန် အသင်းတော်များ ကောင်စီ သာသနာပိုင်ချုပ်ကြီး စတီဗင် သန်းမြင့်ဦးတို့က အမှာစကားပြောကြားကြပြီး မြန်မာနိုင်ငံ ဝံဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်သိကွာတော်ရဆရာတော် ဒေါက်တာ ဦးအေးမင်းက အမိမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာရေးအတွက် အထူးဆုတောင်း မေတ္တာပို့သပေးကာ မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ် ဥက္ကဋ္ဌက ကောင်းချီးပေး၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မြောင်းမြမြို့၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုက်နယ်မှုံးအဆင့် ဘာသာရပ်ဆိုင်ရာမွမ်းမံသင်တန်း ဖွင့်လှစ်

မြောင်းမြ နိုဝင်ဘာ ၃

ရောဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်အတွင်းရှိ ဝန်ထမ်းများအား တိုက်နယ်မှုံးအဆင့် ဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်း (၁/၂၀၂၆) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြေရွေပါခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြောင်းမြခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားသည်။ ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြောင်းမြခရိုင် ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြောင်းမြခရိုင်အတွင်းမှ ဝန်ထမ်း ၂၆ ဦးတို့အား နိုဝင်ဘာ ၃ ရက်မှ ၂၀ ရက်အထိ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

ဇေယျာ(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၂ ရက်က မြို့နယ်မီးသတ်ဦးစီးဌာနရုံးခွဲကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမွန်ဇံက အမှာစကားပြောကြားစဉ်။

ဆွေနွယ်(ပြန်/ဆက်)

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် မီးသတ်ဦးစီးမှူးရုံး၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း အမှတ်စဉ် (၁/၂၀၂၆) ဖွင့်ပွဲကို နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစစ်မင်းမျိုးက အမှာစကားပြောကြားစဉ်။

ခရိုင်(ပြန်/ဆက်)



တောင်ငူမြို့နယ်၌ အယ်လ်နီညိုရာသီဥတုပြောင်းလဲမှု အသိပညာပေးဆောင်ရွက်

တောင်ငူ နိုဝင်ဘာ ၃

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်လဲဘူးကျေးလက်ကျန်းမာရေးဌာနတွင် ယနေ့နံနက်ပိုင်းက ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အယ်လ်နီညိုရာသီဥတုပြောင်းလဲမှု အသိပညာပေးခြင်းလုပ်ငန်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများက တစ်နှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များ ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးပေးခြင်း၊ ပြည်သူလူထုအား အယ်လ်နီညိုရာသီဥတုပြောင်းလဲမှုနှင့် အပူဒဏ်ကာကွယ်ရေးအသိပညာပေးခြင်း၊ ဝက်သက်ကျိုက်သိုးရောဂါ ကာကွယ်ဆေးအုပ်ဆောင်းထိုးနှံသွားရန် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ ဒေသခံပြည်သူ ၇၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

■ ONE Friday မှ

ပွဲထိုးသတ်ခွင့်ပြန်ရခြင်းဖြစ်ပြီး ဆာမီဒမ်ကို ရှုံးကြွေးပြန်ဆပ်ရမည့်ပွဲလည်း ဖြစ်သည်။ ကျော်စွာဝင်းသည် ယခုနှစ် မတ် ၂၀ ရက်တွင် ဆာမီဒမ်နှင့် ပထမအကြိမ်တွေ့ဆုံရာ အမှတ်ဖြင့် အရေးနိမ့်ခဲ့သည်။ ကျော်စွာဝင်းသည် ယင်းပွဲတွင် လက်ရည်သာသော်လည်း အမှတ်ဖြင့် အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ကျော်စွာဝင်းသည် ONE နှင့် လေးပွဲထိုးသတ်ရာမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံးထားပြီး ယခုပွဲတွင် နိုင်ပွဲပြန်ရရန် လိုအပ်နေသည်။ ဆာမီဒမ်သည် မြန်မာဖိုက်တာများနှင့် တွေ့ဆုံဖူးသူဖြစ်သောကြောင့် ကျော်စွာဝင်းအနေဖြင့် ပိုမိုပြင်ဆင်ထားရန် လိုအပ်နေသည်။ ဆာမီဒမ်သည် ONE နှင့် ၁၃ ပွဲထိုးသတ်ရာတွင် ၁၀ ပွဲနိုင် သုံးပွဲရှုံးနှိမ့်ထားသူဖြစ်ပြီး နောက်ဆုံးခြောက်ပွဲဆက် အနိုင်ရထားသူဖြစ်သည်။ ဆာမီဒမ်သည် မြန်မာကစား သမားအများအပြားနှင့် ထိုးသတ်ဖူးသူဖြစ်ပြီး ကျော်စွာဝင်း၊ ဆွန်ရက်၊ မိုးထက်အောင်တို့ သုံးဦးစလုံးကို အနိုင်ထိုးသတ်ခဲ့သူဖြစ်သည်။

သတင်း - ရွှိုင်းထက်ဇော်၊ ဓာတ်ပုံ - onefc

ပဲခူးတိုင်းဒေသကြီးအတွင်းသို့ ၂၀၂၆ ခုနှစ် နိုဝင်ဘာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၅၇ သန်းနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှု ငွေကျပ် ၃၆၉၆ ဒသမ ၈၉၄ သန်း တိုးတက်ဝင်ရောက်

ပဲခူး နိုဝင်ဘာ ၃

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၆ ခုနှစ် နိုဝင်ဘာလအတွင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုအဖြစ် စက်မှုလုပ်ငန်းနှစ်ခုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၅၇ သန်းနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုအဖြစ် စက်မှုလုပ်ငန်း တစ်ခုမှ ငွေကျပ် ၃၆၉၆ ဒသမ ၈၉၄ သန်း ဝင်ရောက်ခဲ့ပြီး အလုပ်အကိုင် အခွင့်အလမ်း ၇၅ ခု ဖန်တီးပေး နိုင်ခဲ့ကြောင်း ယနေ့မွန်းလွဲပိုင်း တွင် ကျင်းပသည့် ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ညှိနှိုင်းအစည်းအဝေး (၂/၂၀၂၆)မှ သိရသည်။

အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီးတန်ကြေးချပ်ဦးမျိုးဆွေဝင်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူးက



ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်မည့် Asian Great Myanmar Co., Ltd. မှ အထပ်သားထုတ်လုပ်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အသစ် လျှောက်ထားလာမှု၊ စက်ပစ္စည်း တင်သွင်းခြင်း ရင်းနှီးမြှုပ်နှံမှုတိုးခြင်း နှင့် စက်ရုံ/အလုပ်ရုံ တည်ဆောက် ရေးကာလ သက်တမ်းတိုးခြင်း ဆိုင်ရာများကို ရှင်းလင်းတင်ပြ သည်။

ထို့နောက် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အဖွဲ့ဝင် များက ဒေသတွင်းရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ပိုမိုတိုးတက် ဝင်ရောက်နိုင်ရေး အခွင့်အလမ်း ကောင်းများနှင့် လျင်မြန်လွယ်ကူ စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရေး ကဏ္ဍအလိုက်ပံ့ပိုးကူညီဆောင်ရွက် နေမှုအခြေအနေများကို ရှင်းလင်း တင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ရမည်းသင်းမြို့နယ်၌ အခြေခံတန်ဖိုးမြှင့် ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲ ကျင်းပ

ရမည်းသင်း နိုဝင်ဘာ ၃

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ ဖွင့်လှစ်သော ဆီး၊ မန်ကျည်းနှင့် ငရုတ်အခြေခံ တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲနှင့် လုပ်ငန်းသုံးပစ္စည်း ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကံသာအေးကျေးရွာ ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ က သင်တန်းဆင်း အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးက သင်တန်းများဖွင့်လှစ်ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းသားများ လက်တွေ့ ပြုလုပ်ထားသည့် ဆီး၊ မန်ကျည်း၊ ငရုတ် အခြေခံတန်ဖိုးမြှင့်စားသောက် ကုန်များကို လှည့်လည်ကြည့်ရှုခဲ့ကြကာ ထူးချွန်သင်တန်းသား ငါးဦးအား လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

အေးခိုင်(ပြန်/ဆက်)



ကျိုက်ထိုမြို့နယ်၌ မုတ္တမပင်လယ်ကွေ့ဒေသနှင့် ရေညောင့်နှုတ်ဝိုင်းငှက် ထိန်းသိမ်းရေးဆိုင်ရာ ဒေသခံရေလုပ်သားများနှင့် အလုပ်ရုံဆွေးနွေး

ကျိုက်ထို နိုဝင်ဘာ ၃

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် မုတ္တမပင်လယ်ကွေ့ဒေသနှင့် ရေညောင့်နှုတ်ဝိုင်းငှက်အပါအဝင် ဆောင်းခိုငှက် မျိုးစိတ်များ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အသိပညာပေး အလုပ်ရုံဆွေးနွေး ပွဲကို ယနေ့နံနက်ပိုင်းက Golden Bliss Hotel ၌ ပြုလုပ်သည်။

ရှင်းလင်းဆွေးနွေး

အဆိုပါ ဆွေးနွေးပွဲတွင် မြန်မာ့ သဘာဝ ထိန်းသိမ်းရေးနှင့် ကာကွယ်ရေးအသင်းမှ အမှုဆောင် ဒါရိုက်တာ ဦးပြည့်ဖြိုးအောင်က မုတ္တမပင်လယ်ကွေ့ ရေဝေရေလဲ ဒေသ၏ ဂေဟစနစ် ရေရှည်



တည်တံ့ခိုင်မြဲရေး၊ မျိုးတုံး ပျောက်ကွယ်လုနီးပါး ဖြစ်နေ သော ရေညောင့်နှုတ်ဝိုင်းငှက်နှင့် ဆောင်းခိုငှက်များ ဘေးကင်းစွာ ကျက်စားနိုင်ရေးအတွက် ကာကွယ် စောင့်ရှောက် ထိန်းသိမ်းရမည့် နည်းလမ်းများကို ရှင်းလင်း ဆွေးနွေးကြသည်။

ထို့ပြင်ပင်လယ်ရေလုပ်ငန်းများ ဆောင်ရွက်ရာတွင် သဘာဝ ပတ်ဝန်းကျင် ပျက်စီးစေသည့် ဖမ်းဆီးနည်းစနစ်များ ရှောင်ကြဉ် ရန်နှင့် သဘာဝအရင်းအမြစ်များ ရေရှည်ထိန်းသိမ်းရာတွင် ဒေသခံ ရေလုပ်သားများ၏ ပူးပေါင်း ပါဝင်မှုကဏ္ဍသည် အရေးကြီး ကြောင်း လှုံ့ဆော်ပြောကြား ခဲ့ပြီး တက်ရောက်လာကြသည့် သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ဒေသခံရေလုပ်သားများကလည်း အသိပညာပေး ဆွေးနွေးပွဲနှင့် ပတ်သက်၍ အပြန်အလှန်မေးမြန်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ပြည့်ဖြိုး(ပြန်/ဆက်)

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ပြည်သူများအား အယ်လ်နီညိုကာလအတွင်း ဆောင်ရန်ရှောင်ရန်အချက်များ အသိပညာ ပေးခြင်းကို နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့ရာ မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ လွတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က ပြည်သူများအား အယ်လ်နီညိုဒဏ်ကာကွယ်နိုင်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးစဉ်။

ပေါင်းတည်(ပြန်/ဆက်)



ဆီထွက်နေကြာနှင့် ဆီထွက်ပဲပုပ်မျိုးစေ့များပေးအပ်ပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၃

ရန်ကုန် တိုင်းဒေသကြီး သန်လျင်ခရိုင် သုံးခွမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးရုံး တွင် တောင်သူများအား ဆီထွက် နေကြာနှင့် ဆီထွက်ပဲပုပ်မျိုးစေ့ များ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးသန်းက အမှာစကား ပြောကြားသည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ် ရေးကော်မတီအဖွဲ့ဝင် ဦးမောင် မောင်သင်က ဆီထွက်သီးနှံ နေကြာနှင့် ပဲပုပ်သီးနှံများ တိုးချဲ့ စိုက်ပျိုးနိုင်ရေး၊ မြို့နယ်မြေစာရင်း ဦးစီးဌာနဦးစီးမှူး ဦးအောင်ကျော် စိုးက ဆီထွက်သီးနှံနေကြာနှင့် ပဲပုပ်သီးနှံများအား အမှန်တကယ် စိုက်ပျိုးနိုင်ရေး၊ မွေးမြူရေးနှင့် ကုသ ရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ ကျော်ကိုကိုဦးက နေကြာသီးနှံ အောင်မြင်ဖြစ်ထွန်းရန် ပျားပုံးချ ခြင်းအစီအစဉ်များ၊ စီမံကိန်းဦးစီး ဌာန ဦးစီးမှူး ဒေါ်မိုးမိုးလွင်က ဆီထွက်သီးနှံများ စီမံချက်ပြည့်မီ စွာ စိုက်ပျိုးနိုင်ရေးအကြောင်း တို့ကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် တာဝန်ရှိသူများက ဆီထွက်သီးနှံနေကြော စိုက်ကေ ၈၅၆ ဧက၊ ပဲပုပ်စိုက်ကေ ၁၂ ဧက တို့အတွက် မျိုးစေ့များ ပေးအပ်ခဲ့ ကြောင်း သိရသည်။

ကိုကျော်(သုံးခွ)

ဖျာပုံမြို့ရှိ စျေးများတွင် မီးလောင်မှုမဖြစ်ပွားစေရေး လိုက်လံစစ်ဆေး

ဖျာပုံ နိုဝင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံ မြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီး မှုးနှင့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့ စျေးအရာရှိနှင့် စျေးကော်မတီ ဝင်များသည် စူပါအယ်လ်နီညို ဖြစ်စဉ်ကြောင့် စျေးများတွင် မီးလောင်မှု မဖြစ်ပွားစေရေး လိုက်လံစစ်ဆေးခြင်းကို ယနေ့ နံနက်ပိုင်းက ဖျာပုံမြို့နယ်အတွင်း ဆောင်ရွက်ကြသည်။

ထိုသို့ လိုက်လံစစ်ဆေးရာတွင် တာဝန်ရှိသူများသည် ဖျာပုံ မြို့နယ်စည်ပင်သာယာရေးအဖွဲ့



ပိုင် စျေးများဖြစ်သော မြို့မစျေး ကြီး၊ မြောက်ပိုင်းစျေးနှင့် ဆိပ်ကမ်း သာစျေးတို့တွင် မီးလောင်မှု မဖြစ်ပွားစေရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရမည့် အချက် များ၊ လမ်းသွားလမ်းလာပြည့်သူ များ အပူဒဏ်ကာကွယ်ရေး အမိုးအကာများ ဆောင်ရွက်ထားရှိ မှုနှင့် မီးသတ်ဆေးဘူးများ အလုံအလောက်ထားခြင်း ရှိ/မရှိ၊ မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံး၊ မီးသတ်စက်များ ထားရှိခြင်း ရှိ/မရှိ တို့ကို လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ရေချိုစိမ့်စမ်း မခန်းစေဖို့၊ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

တရုတ်ရေတပ်ဆေးရုံသင်္ဘော ဆေးကုသရေးလုပ်ငန်းများဆောင်ရွက်ရန် တိုဂိုနိုင်ငံသို့ ရောက်ရှိ



လိုမီ နိုဝင်ဘာ ၃

တရုတ် ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ရေတပ်ဆေးရုံသင်္ဘော Auspicious Ark သည် ချစ်ကြည်ရေးနှင့် ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တိုဂိုနိုင်ငံ မြို့တော်လိုမီသို့ ရောက်ရှိလာခဲ့ကြောင်း သိရသည်။

ယခုခရီးစဉ်သည် အဆိုပါရေတပ်ဆေးရုံသင်္ဘောအတွက် တိုဂိုနိုင်ငံသို့ ပထမဆုံးခရီးစဉ်ဖြစ်သည်။

Mission Harmony–2026 ဟု ခေါ်ဆိုသည့် ဆေးကုသရေးမစ်ရှင်ကို ဆောင်ရွက်နေသည့် ဆေးရုံသင်္ဘောပေါ်တွင် ဒေသခံလူနာများအား ဆေးကုသမှုဝန်ဆောင်မှုများ ပေးအပ်သွားမည်ဖြစ်ပြီး ဆေးဘက်ဆိုင်ရာအဖွဲ့ တစ်ဖွဲ့ကမူ ဆေးပညာရပ်ဆိုင်ရာ အတွေ့အကြုံဖလှယ်မှုများ ပြုလုပ်ရန် တိုဂိုနိုင်ငံရှိ စစ်ဘက်ဆိုင်ရာ ဆေးရုံတစ်ခုသို့ သွားရောက်လည်ပတ်မည်ဖြစ်သည်။

၎င်းခရီးစဉ်အတွင်း သင်္ဘောပေါ်၌ ဆည့်ခံပွဲတစ်ရပ် ကျင်းပမည်ဖြစ်ကာ နှစ်နိုင်ငံ တပ်မတော်တပ်ဖွဲ့ဝင်များအကြား အပြန်အလှန်ချစ်ကြည်ရင်းနှီးမှုများ ခိုင်မာစေရေးအတွက် ချစ်ကြည်ရေးဘတ်စကက်ဘောပြိုင်ပွဲကိုလည်း ကျင်းပမည်ဖြစ်သည်။ တရုတ်နိုင်ငံနှင့် တိုဂိုနိုင်ငံတို့သည် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး စတင်တည်ထောင်သည့် ၁၉၇၂ ခုနှစ်မှ စတင်၍ ကောင်းမွန်သည့်ဆက်ဆံရေးကို ထိန်းသိမ်းထားနိုင်ခဲ့ကာ ၂၀၂၄ ခုနှစ် စက်တင်ဘာလမှစတင်၍ နှစ်နိုင်ငံ ဆက်ဆံရေးကိုဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးအဆင့်သို့ တိုးမြှင့်နိုင်ခဲ့ပြီး ၂၀၂၆ ခုနှစ် အောက်တိုဘာလတွင် နှစ်နိုင်ငံဆက်ဆံရေးကို “ခေတ်သစ်အတွက် မျှဝေခံစားသည့်အနာဂတ်ရှိသည့် တရုတ်–တိုဂို အသိုက်အဝန်း” အဆင့်သို့ တိုးမြှင့်ကြောင်း နှစ်နိုင်ငံခေါင်းဆောင်များက ကြေညာခဲ့သည်။ **ဆင်ဟွာ**



ဂျပန်နိုင်ငံတွင် နှစ်သစ်ကူးပို့စကတ်များ စတင်ရောင်းချ

တိုကျို နိုဝင်ဘာ ၃

ဂျပန်နိုင်ငံတစ်ဝန်းရှိ စာတိုက်များတွင် လာမည့်နှစ်သစ်အတွက် နှုတ်ခွန်းဆက်ကတ်များကို စတင်ရောင်းချနေပြီဖြစ်ပြီး ကတ်အများစုတွင် ၂၀၂၇ ခုနှစ်အတွက် တရုတ်ရာသီခွင်အမှတ်အသားဖြစ်သည့် သိုးပုံများပါဝင်ကြောင်း သိရသည်။

ဂျပန်စာတိုက်လုပ်ငန်းအနေဖြင့် ကနဦးတွင် ကတ်ပေါင်း ၅၅၅ သန်းခန့် ထုတ်ဝေထားကာ အဆိုပါအရေအတွက်သည် ယမန်နှစ်ကထက် ၂၅ ရာခိုင်နှုန်း လျော့နည်းသွားခြင်းဖြစ်သည်။ လူမှုကွန်ရက်မီဒီယာများ ပိုမိုတွင်ကျယ်လာသည်နှင့်အမျှ စာတိုက်မှတစ်ဆင့် နှုတ်ခွန်းဆက်ကတ်များပေးပို့သည့်အလေ့အထမှာ လူကြိုက်နည်းလာသော်လည်း အချို့သူများကမူ အဆိုပါနည်းလမ်းကို ဆက်လက်နှစ်သက်နေကြကြောင်း သိရသည်။

ခေတ်ကာလများ ပြောင်းလဲလာသော်လည်း စာရွက်ပေါ်တွင် ရေးသားသည့် နှုတ်ခွန်းဆက်ကတ်များကို ဆက်လက်ပေးပို့သွားလိုကြောင်း အသက် ၆၀ ကျော်အရွယ် အမျိုးသားတစ်ဦးက ပြောကြားခဲ့သည်။ စာတိုက်များအနေဖြင့် ဒီဇင်ဘာ ၂၀ ရက်မှစတင်၍ အဆိုပါနှုတ်ခွန်းဆက်ကတ်များကို လက်ခံပေးသွားမည်ဖြစ်သည်။ **အင်နှအိတ်ချ်ကေ**

စပိန်ရထားတိုက်မှုတွင် သေဆုံးထိခိုက် ဒဏ်ရာရရှိသူများအတွက် အစိုးရက ထောက်ပံ့ကြေးငွေ ပေးအပ်

မက်ဒရစ် နိုဝင်ဘာ ၃

စပိန်နိုင်ငံ၌ဖြစ်ပွားခဲ့သည့် မြန်နှုန်းမြင့် ရထားတိုက်မှုမှ သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် အရေးပေါ်ထောက်ပံ့ကြေးအဖြစ် ယူရို သန်း ၃၀ ကို စပိန်အစိုးရက နိုဝင်ဘာ ၃ ရက်တွင် ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

အူဒါမြို့အနီးတွင် အောက်တိုဘာ ၁၈ ရက်က ဖြစ်ပွားခဲ့သည့် အဆိုပါ မတော်တဆမှုတွင် ခရီးသည် ၆၉ ဦး သေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

ဝန်ကြီးများကောင်စီက အတည်ပြုလိုက်သည့် အဆိုပါအစီအစဉ်တွင် ယူရို ၁၅ သန်းတန်ဖိုးရှိ တိုက်ရိုက်ထောက်ပံ့ငွေနှင့် ယူရို ၁၅ သန်းတန်ဖိုးရှိ ကြိုတင်လျော်ကြေးငွေများ ပါဝင်သည်။



သေဆုံးသွားသူများ၏ မိသားစုဝင်များသည် တိုက်ရိုက်ထောက်ပံ့ငွေအဖြစ် ယူရို ၇၂၁၁ ကို ရရှိမည်ဖြစ်ပြီး ထိခိုက်ဒဏ်ရာရရှိသူများမှာမူ ၎င်းတို့၏ ဒဏ်ရာပြင်းထန်မှုအပေါ်မူတည်၍ လျော်ကြေးငွေများ ရရှိမည်ဖြစ်သည်။

ကျေးဇူးတင်ရှိကြောင်းပြောကြား

ထိခိုက်ခံစားရသူများအား အကူအညီပေးခြင်းသည် အရေးအကြီးဆုံးနှင့် အဓိက ဦးစားပေးရမည့် ကိစ္စရပ်ဖြစ်ကြောင်းနှင့် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် အစိုးရဝန်ထမ်းများအား ကျေးဇူးတင်ရှိကြောင်း ဝန်ကြီးချုပ် ပီဒရိဆန်းချက်က ပြောကြားသည်။

အဆိုပါမတော်တဆမှုတွင် သေဆုံးခဲ့သူ ၆၉ ဦးစလုံးကို အတည်ပြု ဖော်ထုတ်နိုင်ခဲ့ပြီး ၎င်းတို့အနက် စပိန်နိုင်ငံသား ၅၄ ဦးနှင့် နိုင်ငံခြားသား ၁၅ ဦး ပါဝင်ကြောင်း သိရသည်။ **ဆင်ဟွာ**

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၁၁-၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	မှင်းဓိ	မြစ်ကြီးနား	စစ်ကိုင်း	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	ဗန်းမော်	ဟားခါး
92 Ron	၄၅၄၀	၄၆၀၅	၄၆၀၅	၄၅၉၅	၄၇၀၀	၄၇၀၅	၄၇၀၅	၄၆၂၅	၄၉၀၅	၅၀၂၅	၄၆၀၅	၄၈၀၅	၄၇၀၅	၄၇၀၅	၄၇၀၅	၄၉၀၅
95 Ron	၄၅၉၀	၄၇၀၅	၄၆၀၅	၄၆၀၅	၄၇၅၀	၄၇၀၅	၄၉၀၀	၄၆၀၅	၅၀၀၅	၅၀၂၅	၄၆၀၅	၄၈၅၅	၄၇၅၀	၄၇၀၅	၄၇၀၅	၄၉၀၅
HSD (500 ppm)	၄၅၁၅	၄၆၆၅	၄၆၂၀	၄၅၉၀	၄၆၆၀	၄၆၆၀	၄၇၁၅	၄၆၀၀	-	၄၉၀၀	၄၆၂၀	၅၂၁၅	၄၇၀၅	၄၆၆၅	၄၆၅၅	၄၉၀၅
HSD (50 ppm)	၅၄၀၀	၅၀၁၅	၅၀၉၀	၅၀၉၅	၅၀၆၀	၅၀၆၅	၅၀၆၀	၅၀၅၅	၅၉၁၅	၅၉၆၅	၅၀၉၀	၅၂၀၀	၅၀၆၀	၅၀၆၀	၅၀၆၅	၅၀၈၅
HSD (10 ppm)	၅၄၀၀	၅၀၁၅	၅၀၉၀	၅၀၉၅	၅၀၆၀	၅၀၆၅	၅၀၆၀	၅၀၅၅		၅၀၆၅	၅၀၉၀	၅၂၀၀	၅၀၆၀	၅၀၆၀	၅၀၆၅	၅၀၈၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၃၁၅	၄၃၃၅
95 Ron	၄၃၆၅	၄၄၀၆
HSD (500 ppm)	၄၃၀၀	၄၄၂၀
HSD (50 ppm)	၅၂၂၀	၅၂၆၂
HSD (10 ppm)	၅၂၂၀	၅၂၆၂

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၂၄၄၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၅၉၈၈၈

စက်သုံးဆီတင်သွင်းသို့လှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ဒေသတွင်း တင်းမာမှုများ လျော့ချရန် အီဂျစ်နှင့် အိုမန် နိုင်ငံခြားရေးဝန်ကြီးများ ဆွေးနွေး

ကိုင်ရို နိုဝင်ဘာ ၃

ဒေသတွင်း တင်းမာမှုများလျော့ချရန်နှင့် စစ်ဆင်ရေးများ ပြန်လည်စတင်ခြင်းမှ ရှောင်ရှားနိုင်ရန်အတွက် အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဗားအဗ္ဗဒဲလက်တီနှင့် အိုမန်နိုင်ငံခြားရေးဝန်ကြီး ဆာယီဘာဘင်ဟာမတ်အယ်လ်ဘူဆာဒီတို့ကြား နိုဝင်ဘာ ၃ ရက်က ဖုန်းဖြင့်ဆွေးနွေးခဲ့ကြောင်း အီဂျစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာန ထုတ်ပြန်ချက်အရ သိရသည်။ ဆွေးနွေးပွဲအတွင်း ဒေသတွင်းနှင့် ကမ္ဘာတစ်ဝန်းလုံးအတွက် နိုင်ငံရေး၊ စီးပွားရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပြင်းထန်သည့် သက်ရောက်မှုများ ဖြစ်ပေါ်လာစေနိုင်သည့် စစ်ပွဲဖြစ်ခြင်းမှ ရှောင်ရှားနိုင်ရန်အတွက် ဒေသတွင်းနှင့် နိုင်ငံတကာကြိုးပမ်းမှုများကို ပြန်လည်သုံးသပ်ခြင်းအား တာဝန်ရှိသူများက ဆောင်ရွက်ခဲ့ကြောင်း အဆိုပါထုတ်ပြန်ချက်အရ သိရသည်။

စစ်ရေးလှုပ်ရှားမှုများ ပြန်လည်စတင်ခြင်းကို ရှောင်ရှားရန်နှင့် အကျပ်အတည်းများကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများအကြား ညှိနှိုင်းဆွေးနွေးရေးလမ်းကြောင်း ဆီသို့ ဦးတည်ပြောင်းလဲစေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ၎င်းတို့က သဘောတူညီခဲ့ကြသည်။

အမေရိကန်နှင့် အီရန်တို့အကြား တင်းမာမှုများ ပြန်လည်မြင့်တက်လာချိန်တွင် ယခုတောင်းဆိုမှု ပေါ်ပေါက်လာခြင်းဖြစ်သည်။

အိုမန်နိုင်ငံသည် ယခင်က အီရန်နှင့် အမေရိကန်ပြည်ထောင်စုတို့အကြား သွယ်ဝိုက်သောဆွေးနွေးမှုများတွင် ကြားဝင်စေ့စပ်ပေးခဲ့သည်။ **ဆင်ဟွာ**

ကြေးမုံ

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုန်မြှင့်တင်ရေးပွဲတော် ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၃

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကကြီးမှူးရှု၍ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုန်မြှင့်တင်ရေးပွဲတော်ကို ယနေ့ နံနက်ပိုင်းတွင် ဗိုလ်တထောင်မြို့နယ် အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



ပေးအပ်

ပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးကြပြီး ပညာရတနာစာကြည့်တိုက်၊ ဌာနဆိုင်ရာ ပြခန်းများ၊ ပြိုင်ပွဲများ၊ စိန်ပေါလပြတိုက်၊ စာပေစကားဝိုင်းတို့ကို ကြည့်ရှုအားပေးကာ ပါဝင် ဆွေးနွေးသူများအား လက်ဆောင်များ၊ ပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ကြသည့် ကျောင်းသား ကျောင်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး “စာဖတ်ခြင်း၏ အကျိုးကျေးဇူး” ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောမည့် စာရေးဆရာ ဦးကျော်ကျော်လွင်(Smart) အတွက် ဂုဏ်ပြုလက်ဆောင်၊ ဖျော်ဖြေရေးအဖွဲ့များ အတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ပွဲတော်အတွက် အလှူရှင်များက အလှူငွေများ ပေးအပ် လှူဒါန်းမှုကို တိုင်းဒေသကြီး ဝန်ကြီးများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ခွဲထက်ကို(ပြန်/ဆက်)

ကျောင်းကုန်းမြို့၌ နိုင်ငံ့ဝန်ထမ်းများအား အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာ ရောင်းချပေး

ကျောင်းကုန်း နိုဝင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်၏လမ်းညွှန်မှုဖြင့် ကျောင်းကုန်းမြို့၌ ကုန်ဈေးနှုန်းတည်ငြိမ်ရေးကို အထောက်အကူပြုစေရန် ရည်ရွယ်၍ နိုင်ငံ့ဝန်ထမ်းများအား အခြေခံစားသောက်ကုန်များဖြစ်သော ဆန်၊ ဆီနှင့် ကြက်ဥတို့ကို ယနေ့နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဈေးနှုန်းသက်သာစွာ ရောင်းချပေးခဲ့ကြသည်။

နိုင်ငံ့ဝန်ထမ်းတစ်ဦးကို ဆန်တစ်ပြည်လျှင် ငွေကျပ် ၃၅၀၀ နှုန်းဖြင့် နှစ်ပြည်၊ ဆီတစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀ နှုန်းဖြင့် ၅၀ ကျပ်သား၊ ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၄၀၀ နှုန်းဖြင့် ၁၀ လုံးစီကို ပြင်ပပေါက်ဈေးထက်သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)



ပြည်မြို့၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုန်မြှင့်တင်ရေး လှုပ်ရှားမှုအကြိုပြိုင်ပွဲများ ကျင်းပ



ပြည် နိုဝင်ဘာ ၃

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် “စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုန်မြှင့်တင်ရေးလှုပ်ရှားမှု” အကြိုပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲကျင်းပနေမှုကို ပြည်ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် မိတ်ဖက်အဖွဲ့အစည်းများ၊ ကျောင်းသား မိဘများနှင့် ဆရာ ဆရာမများက ကြည့်ရှုအားပေးသည်။

အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ၁၃ ဦး၊ အလယ်တန်းအဆင့် စာဖတ်စွမ်းရည်ပြိုင်ပွဲတွင် ၅၀၊ မူလတန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲတွင် ၂၉ ဦး၊ စာစီစာကုံးပြိုင်ပွဲတွင် ၃၉ ဦးနှင့် မူလတန်းအဆင့် ရုပ်ပြစာစီစာကုံးပြိုင်ပွဲကို ၃၁ ဦးတို့က တက်ကြွစွာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ဝဏ္ဏထွန်း(ပြန်/ဆက်)

တပ်ကုန်းမြို့နယ်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

တပ်ကုန်း နိုဝင်ဘာ ၃

(၃၈)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဦးဆောင်၍ နိုဝင်ဘာ ၂ ရက် မွန်းလွဲပိုင်းက မဟာသီဟနာဒပရိယတ္တိစာသင်တိုက် အတွင်း/ အပြင်တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးဦးဆောင်၍ ဝန်ထမ်းများက အမှိုက်သရိုက်များ၊ ပေါင်းမြက်များ၊ ရေနုတ်မြောင်းများ ရှင်းလင်းခြင်း၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ခြင်း စသည့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို တပျော်တပါး ဆောင်ရွက်ခဲ့ရာ မုန့်၊ အကြော်နှင့် သောက်ရေသန့်တို့ဖြင့် ဧည့်ခံကျွေးမွေးသည်။

သန့်ရှင်းရေးလုပ်ငန်းကို ပထမအကြိမ် မြို့နယ်အားကစားကွင်း၊ ဒုတိယအကြိမ် တပ်ကုန်းခုတင် ၁၀၀ ဆုံ့ ပြည်သူ့ဆေးရုံ၊ တတိယအကြိမ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်း အတွင်း/ အပြင်၊ ယခု စတုတ္ထအကြိမ် မဟာသီဟနာဒပရိယတ္တိစာသင်တိုက်အတွင်း/အပြင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြောင်း သိရသည်။

တင်စိုးလွင်



ညောင်ဦးမြို့နယ်၌ သောက်သုံးရေပြတ်လပ်မှုမဖြစ်စေရေး အသိပညာပေး

ညောင်ဦး နိုဝင်ဘာ ၃

မန္တလေး တိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေအရင်းအမြစ် လျော့နည်းမှုနှင့် သောက်သုံးရေ သန့်ရှင်းရေး ဆိုင်ရာ အသိပညာပေးဟောပြောခြင်းကို ယမန်နေ့က ညောင်ဦးမြို့နယ် ပြွန်ကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်သည်။



ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက အယ်လ်နီညိုဖြစ်စဉ်ကြောင့် ကျရောက်လာနိုင်သည့်အခြေအနေများ၊ အကျိုးသက်ရောက်နိုင်မှုများ၊ ကြိုတင်ပြင်ဆင်ရမည့် အချက်များနှင့် ဖြစ်ပေါ်လာပါက တုံ့ပြန်ရမည့် အချက်များကို အသိပညာပေးရှင်းလင်းဆွေးနွေး ဟောပြောသည်။

ထို့နောက် တက်ရောက်လာသူများက အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့်အခြေအနေများနှင့်စပ်လျဉ်း၍ ကြိုတင်ကာကွယ်နိုင်ရန် သိရှိလိုသည်များကို မေးမြန်းရာ မြို့နယ်ဦးစီးမှူးက ရေရှည်မှ ဖြစ်ပေါ်လာနိုင်သည့် အတွက် သောက်သုံးရေကို ကြိုတင်စုဆောင်းထားရှိခြင်း၊ ရေသိုလှောင်ကန်များကို သန့်ရှင်းစွာ ထိန်းသိမ်းခြင်းနှင့် ရေကို လိုအပ်သလောက်သာ သုံးစွဲခြင်းတို့ကို ဆောင်ရွက်ရန် ဖြည့်စွက်ဆွေးနွေးပြောကြားကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

ပြင်ဦးလွင်မြို့နယ် သင်္ဘတုံကျေးရွာ၌ အယ်လ်နီညိုသဘာဝဘေး အသိပညာပေး



ပြင်ဦးလွင် နိုဝင်ဘာ ၃

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ပြင်ဦးလွင်မြို့နယ်အတွင်း မြစ်မိုးရောင်းကျေးရွာစီမံကိန်း ဆောင်ရွက်လျက်ရှိသော သင်္ဘတုံကျေးရွာတွင် အယ်လ်နီညိုသဘာဝဘေးကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုပြောင်းလဲခြင်းဖြစ်စဉ်များနှင့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လာပါက တုံ့ပြန်ဆောင်ရွက်နိုင်ရေး အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာနက ဖြန့်ဝေထားသည့် အယ်လ်နီညိုကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်အချက်များ၊ လိုက်နာရမည့်အချက်များပါဝင်သည့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်တွင် အရန်နီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၂ ရက်က တာမွေမြို့နယ်မီးသတ်ဦးစီးမှူးရုံး၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းသက်လင်းက အမှာစကားပြောကြားစဉ်။

အာကာ







တတိယအကြိမ် ကယားပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၂၆) (ပထမနေ့)ကျင်းပ



လွှိုင်ကော် နိုဝင်ဘာ ၃

တတိယအကြိမ် ကယားပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး (၁/၂၀၂၆) (ပထမနေ့)ကို ယနေ့နံနက် ၁၀ နာရီတွင် လွှိုင်ကော်မြို့ရှိ ကယားပြည်နယ် လွှတ်တော်ရုံး လွှတ်တော် အစည်းအဝေးခန်းမ၌ စတင်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအုံမော်၊ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးမော်ရယ်၊ ပြည်နယ် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ် စာရင်းစစ်ချုပ်နှင့် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ် ရွေးကောက်ပွဲ ကော်မရှင်၏ ကြေညာချက်အမှတ် (၆၅)/၂၀၂၆) အရ တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် အစားထိုး ပြောင်းလဲခြင်းကို ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်သို့ တင်ပြမှတ်တမ်းတင်သည်။

ဆက်လက်၍ အစားထိုး ပြောင်းလဲသည့် တပ်မတော်သား ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးကြီး နောင်လတ်ကပြည်နယ်လွှတ်တော် ဥက္ကဋ္ဌရှေ့မှောက်တွင် ကတိသစ္စာ ပြုပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးမော်ရယ်က ပြည်နယ်ဝန်ကြီးချုပ်က ပေးပို့လာသည့် ပြည်နယ်လွှတ်တော်က အတည်ပြုထားသည့် တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး တာဝန်ပေးအပ်နိုင်ရေးနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြဆွေးနွေးပြီး အတည်ပြုချက်ရယူသည်။

ထို့နောက် တတိယအကြိမ် ကယားပြည်နယ် လွှတ်တော် အရေးပေါ် အစည်းအဝေး (၁/၂၀၂၆) (ပထမနေ့) ရပ်နားပြီး အစည်းအဝေးကျင်းပမည့်ရက်ကို ပြန်လည် အကြောင်းကြားမည် ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



ဝေါမြို့နယ် သမဝါယမအသင်းစု ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

ဝေါ အောက်တိုဘာ ၃

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်သမဝါယမအသင်းစု၏ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်အဖွဲ့သစ် ရွေးချယ်တင်မြှောက်ပွဲကို အောက်တိုဘာ ၃ ရက် မွန်းလွဲပိုင်းက ရွှေဘုန်းပွင့်ဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ ပဲခူးတိုင်းဒေသကြီး သမဝါယမမဦးစီးဌာနမှ တိုင်းဒေသကြီးအဆင့် ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်နေလင်းညို တက်ရောက်ပြီး သမဝါယမအသင်း၌ပဒေသို့ ပြင်ဆင်သည့်ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ အသင်း၏ အမှုဆောင်ဒါရိုက်တာခုနစ်ဦးနှင့် အသင်းစာရင်းစစ်နှစ်ဦးတို့အား တက်ရောက်လာသော အသင်းသားများ၏ အဆိုပြု၊ ထောက်ခံချက်များအတိုင်း ရွေးချယ်အတည်ပြုဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မုံရွာမြို့ရှိ ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ ပုဒ္ဓပူဇနိယပွဲတော် ဆွမ်းသပိတ် ၁၀၀၀ လောင်းလှူပွဲ ကျင်းပ

မုံရွာ နိုဝင်ဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ ပုဒ္ဓပူဇနိယပွဲတော် ဆွမ်းသပိတ် ၁၀၀၀ လောင်းလှူပွဲကို ယမန်နေ့ နံနက်ပိုင်းတွင် အဆိုပါစေတီတော်ကြီးရှိ ဘောဂရံသီဓမ္မာရုံတော်ကြီး၌ ကျင်းပသည်။

ဆွမ်းလောင်းလှူပွဲတွင် ပင့်သံဃာဆရာတော်ကြီးများထံ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးနှင့် ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ် နှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများ၊ အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းသပိတ်တော်တို့အား ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုပေါင်းတို့အတွက် ရေစက်ချ အမျှပေးဝေကြသည်။

ဆွမ်းလောင်းလှူပွဲအပြီးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဆုတောင်းပြည့်စေတီတော်ကြီး ရင်ပြင်တော်နှင့် ပရိဝုဏ်အတွင်း လိုက်လံကြည့်ရှုခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)





ရွှေတိဂုံစေတီတော်မြတ်ကြီး၏ (၆၀၃)ကြိမ်မြောက် ထုတိအနုမောဒနာချီးကျူးဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၃

ရွှေတိဂုံ စေတီတော်မြတ်ကြီးသို့ စေတနာ သဒ္ဓါတရားထက်သန်စွာ လှူဒါန်းထားကြသော ဒွေကျပ် တစ်သိန်းနှင့်အထက် အလှူရှင်များအား ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က (၆၀၃)ကြိမ်မြောက် ထုတိအနုမောဒနာချီးကျူးဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲနှင့် လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်ချ အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင်တော်ဘက်မုခ်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင်များက အလှူတော်ငွေများ ပေးအပ်လှူဒါန်းရာ အလှည့်ကျသဘာပတိဦးအောင်ဇေယျာလင်းနှင့် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ထုတိအနုမောဒနာဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဩဝါဒါစရိယ နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ သာသနာ့ဇရ ဓမ္မာစရိယ ဘဒ္ဒန္တကဉ္စနထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ရေစက်ချ အနုမောဒနာတရားနာယူကြသည်။

ယနေ့ကျင်းပသော အလှူငွေပေးအပ်လှူဒါန်းပွဲတွင် ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁ ရက်မှ အောက်တိုဘာ ၃၁ ရက် အထိ ရွှေသင်္ကန်းတော် ရွှေပြားအလှူရှင် ၃၂ ဦးက ၁ ကျပ်သားရွှေပြား ၄၁ ချပ်၊ ရွှေပြားနှင့် ငွေသားအလှူရှင် ၁၂၀ အပါအဝင် လှူဒါန်းငွေစုစုပေါင်း ငွေကျပ် ၄၃၀၆၀၆၅၅၄၉ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

သာကေတမြို့နယ် မီးသတ်ဦးစီးဌာနခွဲ အသံမစဲမဟာပဒ္ဓာန်းကျမ်းတော်မြတ် ရွတ်ဖတ်ပူဇော်

ရန်ကုန် နိုဝင်ဘာ ၃

ရန်ကုန် တိုင်းဒေသကြီး သာကေတမြို့နယ် မီးသတ်ဦးစီးဌာနမှ ကြီးမှူး၍ (၁၄)ကြိမ်မြောက် အသံမစဲမဟာပဒ္ဓာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲကို ယမန်နေ့က အဆိုပါမြို့နယ် မီးသတ်ဦးစီးဌာနရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရွတ်ဖတ်ပူဇော်မည်

အသံမစဲ မဟာပဒ္ဓာန်းကျမ်းတော်မြတ် ရွတ်ဖတ်ပူဇော်ပွဲတွင် သာကေတမြို့နယ် သံဃနာယက အဖွဲ့ဥက္ကဋ္ဌ အောင်မော်စံစာသင်တိုက် ဒုတိယနာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ သာသနတက္ကသိလ ဓမ္မာစရိယ B.A ဘဒ္ဒန္တ သောဘန အမှူးပြုသော ပဋ္ဌာန ဘာဏက ဆရာတော် ၁၈ ပါးတို့က မဟာပဒ္ဓာန်းကျမ်းမြတ်ကြီးကို နိုဝင်ဘာ ၂ ရက်မှ ၆ ရက်အထိ ရွတ်ဖတ်ပူဇော်မည်ဖြစ်ကြောင်း သိရသည်။

ကျော်ကျော်(ပြန်/ဆက်)



မိတ္ထီလာမြို့နယ်မှ သန့်ရှင်း၍စိမ်းလန်းစိုပြည်သောကျောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်သည့် အခြေခံပညာကျောင်းများသို့ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

မိတ္ထီလာ နိုဝင်ဘာ ၃

မိတ္ထီလာမြို့နယ်မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်သည့် အခြေခံပညာကျောင်းများသို့ မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးနှင့် တာဝန်ရှိသူများက နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပါဝင်ယှဉ်ပြိုင်ထားသည့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၄၅) အခြေခံပညာ မူလတန်းကျောင်း (မင်းတဲကုန်း) တွင် Clean&Green School သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းနှင့် ကိုက်ညီသည့် လမ်းညွှန်ချက်များနှင့် သတ်မှတ်ချက်များ အတိုင်း ဆောင်ရွက်ထားမှု အခြေအနေများကို မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌေးသိမ်းဂိုအောင်နှင့် မန္တလေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်အောင်ဝိုးတို့က ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။

ခရိုင်(ပြန်/ဆက်)





ရန်ကုန်တိုင်းဒေသကြီး သယံနှင်းကျွန်းမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မြို့နယ်အတွင်းရှိ ဈေးများအား မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးဘေးလုံခြုံရေးကွင်းဆင်း အသိပညာပေးစစ်ဆေးခြင်းကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင် ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၃ ရက်တွင် သယံနှင်းကျွန်းဈေးနှင့် ဘောဂဈေးတို့အတွင်း ကွင်းဆင်းစစ်ဆေးဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)

စာအုပ်စာပေ လူမိတ်ဆွေ

နတ်တလင်းမြို့၌ စူပါအယ်လ်နီညိုရာသီဥတုဖြစ်စဉ်များအကြောင်း အသိပညာပေးဟောပြော

နတ်တလင်း နိုဝင်ဘာ ၃

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်ပြည်သူကျန်းမာရေးဦးစီးဌာနမှ ပြည်သူများအား စူပါအယ်လ်နီညိုရာသီဥတုဖြစ်စဉ်များအကြောင်း ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ဇီးကုန်းကလေးရပ်ကွက်၌ ဆောင်ရွက်သည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး၏ ဦးဆောင်မှုဖြင့် မိခင်ကလေးကျောင်းကျန်းမာအာဟာရဦးစီးအရာရှိနှင့် ဝန်ထမ်းများက အယ်လ်နီညိုရာသီဥတုကြောင့် သတိပြုရမည့် အပူဒဏ်အန္တရာယ်များ၊ အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ သတိလစ်ခြင်းများခံစားနေရသည့် လူနာအား ရှေးဦးပြုစုခြင်း၊ အပူဒဏ်ကာကွယ်နိုင်ရေး ရှောင်ကြဉ်ရန်အချက်များကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

ဝေယံဖြိုး(နတ်တလင်း)



မဲသောင်း-ထီအုံလမ်း(၀/၂)မိုင် မြေသားလမ်းမှ ကတ္တရာလမ်းအဖြစ် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်

တောင်ကြီး နိုဝင်ဘာ ၃

တောင်ကြီးမြို့နယ် မဲသောင်း-ထီအုံကျေးရွာ၌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန တောင်ကြီးမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်နေသော မဲသောင်း-ထီအုံလမ်း(၀/၂)မိုင် မြေသားလမ်းမှ ကတ္တရာလမ်းအဖြစ် လမ်းအဆင့်မြှင့်တင် ကတ္တရာခင်းခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစိုင်းထိန်ဈိုးသည် ပြည်နယ် ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မှာကြား

ဆက်လက်၍ မဲသောင်းကျေးရွာရှိ ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ဒေသခံပြည်သူများအနေဖြင့် လမ်းကို ရေရှည်ကောင်းမွန်စွာ အသုံးပြုနိုင်ရန်အတွက် လမ်းဘေးရေနုတ်မြောင်းများကိုလည်း စနစ်တကျ ပြုပြင် ထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် ထီအုံကျေးရွာ၌ တောင်ကြီးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်နေသော ထီအုံကျေးရွာသွားလမ်း(၀/၂)မိုင်အား မြေသားလမ်းမှ ကတ္တရာလမ်းအဖြစ် လမ်းအဆင့်မြှင့်တင် ကတ္တရာခင်းခြင်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)



ရှမ်းပြည်နယ် (တောင်ပိုင်း) လဲချားမြို့နယ်တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ)သင်တန်း အမှတ်စဉ် (၁/၂၀၂၆)ဖွင့်ပွဲကို နိုဝင်ဘာ ၂ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ခန်းမ၌ ကျင်းပစဉ်။

လဲချား(ပြန်/ဆက်)

QIP–ToT for English Language Empowerment Programme ဖွင့်ပွဲ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၃

QIP–ToT for English Language Empowerment Programme ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာနသည် အီန္ဒိယနိုင်ငံအစိုးရ၏အကူအညီဖြင့် "Establishment of an Offline English Language Lab in Myanmar" စီမံချက်ကို မြန်မာ–အိန္ဒိယ နှစ်နိုင်ငံအကြား မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် စီမံချက်(Quick Impact Project – QIP) ခေါင်းစဉ်အောက်မှ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် သက်ဆိုင်ရာဌာန အသီးသီးတွင်ရှိသည့် ဝန်ထမ်းများအတွက် ပြန်လည်မျှဝေ သင်ကြားပေးနိုင်မည့် နည်းပြများအဖြစ် ဆောင်ရွက်သွားနိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် သင်တန်းသားများအနေဖြင့် သင်တန်းကာလ စကား လေ့လာသင်ယူနိုင်မည့် အခွင့်အလမ်းနှင့် ကျွမ်းကျင်မှုပိုမို ရရှိစေရန် ပြန်လည်ထူထောင်ရေးဦးစီးဌာနသည် အီန္ဒိယနိုင်ငံအစိုးရ၏အကူအညီဖြင့် "Establishment of an Offline English Language Lab in Myanmar" စီမံချက်ကို မြန်မာ–အိန္ဒိယ နှစ်နိုင်ငံအကြား မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် စီမံချက်(Quick Impact Project – QIP) ခေါင်းစဉ်အောက်မှ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် သက်ဆိုင်ရာဌာန အသီးသီးတွင်ရှိသည့် ဝန်ထမ်းများအတွက် ပြန်လည်မျှဝေ သင်ကြားပေးနိုင်မည့် နည်းပြများအဖြစ် ဆောင်ရွက်သွားနိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် သင်တန်းသားများအနေဖြင့် သင်တန်းကာလ အတွင်း စိတ်ဝင်တစား လေ့လာသင်ယူစေလိုကြောင်း တိုက်တွန်းပြောကြားပြီး English Language Lab သို့ သွားရောက်ကြည့်ရှုရာ အိန္ဒိယနိုင်ငံ Academy for Computer Training (Guj.) Pvt. Ltd. မှ တာဝန်ရှိသူများကလိုက်လံရှင်းလင်းပြသကြသည်။

အဆိုပါ "QIP–ToT for English Language Empowerment Programme"ကို ပြန်လည်ထူထောင်ရေးဦးစီးဌာနရှိ English Language Lab တွင် နိုဝင်ဘာ ၃ ရက်မှ ၅ ရက်အထိ ဖွင့်လှစ်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၂၅ ဦး တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



ဆင်ခြေလျှောမြေသားနိမ့်ကျမှုဖြစ်ပွားခဲ့သည့် မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံမှ သိုလှောင်ရေများ ဆက်လက်လျှော့ချ၊ ပတ်ဝန်းကျင်ကျေးရွာများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၃

ဧရာဝတီ တိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ၏ ဆင်ခြေလျှောနိမ့်ကျမှုအား ပြန်လည်ပြုပြင်ခြင်းများဆောင်ရွက်ပြီး ရေလှောင်တမံရေပြင်၏ နိမ့်မြင့်အမှတ် ၃၁၅ ပေမှ သိုလှောင်ရေ လျှော့ချနိုင်ရန် တမံ၏အရေးပေါ် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ နိုဝင်ဘာ ၃ ရက်နေ့ ညနေပိုင်းတွင် တမံရှိရေ ၂၉၅ ဒသမ ၃၀ ပေသာ ကျန်ရှိတော့သဖြင့် ၁၉ ဒသမ ၇၀ ပေခန့် ရေထုတ်လွှတ်လျှော့ချပြီး ဖြစ်ကြောင်း သိရှိရသည်။

ထို့အပြင် အဆိုပါ တမံဆင်ခြေလျှောနိမ့်ကျမှုဖြစ်ပွားသည့်နေရာအနီးရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများနှင့် ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်ကျောင်းများရှိ ချိုနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် လိုအပ်သည့် ကူညီဆောင်ရွက်မှုများကို နယ်ခြေဒေသတပ်မတော်သားများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ဆောင်ရွက် ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ ၁၀၀



(၃၈)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် နိုဝင်ဘာ ၃ ရက်က အင်းစိန်မြို့နယ် အင်းစိန်ပြည်သူ့ဆေးရုံကြီး၌ ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက ဒေသခံဆေးရုံတက်လူနာများအတွက် အာဟာရဒါန ထမင်းဘူး ၁၅၀၊ ရေသန့် ၁၅၀၊ တစ်ရှူးထုပ် ၁၅၀ တို့ကို ပေးဝေလှူဒါန်းစဉ်။

မြင့်ဦး

မိုင်းရယ်မြို့နယ်၌ စပါးရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းပြသ

မိုင်းရယ် နိုဝင်ဘာ ၃

မိုင်းရယ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနကဦးစီး၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မီးသတ်ဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက မြို့နယ်အတွင်း စိုက်ပျိုးရေးတောင်သူများအား အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကာလ စိုက်ပျိုးရေးကဏ္ဍ ကြိုတင်ပြင်ဆင်နိုင်ရေး အသိပညာပေးခြင်းနှင့် လယ်သီးထပ်သီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေး စပါးရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းပြသခြင်းကို ယနေ့နံနက်ပိုင်းတွင် တောင်သူ ဦးစိုင်းယိပိုင်လယ်မြေ၌ ပြုလုပ်သည်။

ဦးစွာ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိက စပါးရိတ်သိမ်း ခြွေလှေ့စက်ဖြင့် စပါးရိတ်သိမ်းခြင်း၊ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကာလ၌ တောင်သူများ သဘာဝဘေးကြိုတင်ကာကွယ်ရေး လိုက်နာရမည့်အချက်များနှင့်ပတ်သက်၍ ဆွေးနွေးပြီး အသိပညာပေး လက်တန်းစာစောင်များ ဖြန့်ဝေပေးသည်။ ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိက မီးဘိုးမြွေ့ငွေ့ကင်းစင်ရေးနှင့် တောမီးရှို့ခြင်းများမပြုလုပ်ရေးတို့အတွက် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

မိုင်းရယ်(ပြန်/ဆက်)



ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၃

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"မအောင်မြင်တော့တဲ့ တော်လှန်ရေးကို NUG အောက်က အကြမ်းဖက် PDF တွေ ဘာ့ကြောင့် စွန့်ခွာလာကြသလဲ"** ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် နိုဝင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် **"ပြည်သူပိုင်စည်းစိမ်ဥစ္စာများကို ကိုယ်ကျိုးရှာ ခေါင်းပုံဖြတ် ဖျက်ဆီးရောင်းချ အမြတ်ကြီးစားနေတဲ့ NUG လက်အောက်ခံ အကြမ်းဖက် PDF များ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေး တင်ဆက်မည်ဖြစ်သည်။ အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၅၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

■

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၃



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု။

နိုင်ငံတော်အဓိပ်ရာ အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ် နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်း မရှိစေရန်အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန်တရားမဝင် အဆောက်အအုံများအနက် ယဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၆ ထပ်အဆောက်အအုံ တစ်လုံးအား ယနေ့အထိ ၈၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီး ဖြစ်ကြောင်း၊ ထပ်မံ၍ ၆ ထပ်အဆောက်အအုံတစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ဖောက်ခွဲ၍ ဖြိုချမည့်အဆောက်အအုံ လေးလုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများ အနက် လေးလုံးတို့အား ဖြိုချဖျက်ဆီးပြီး ဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန် ကျန်ရှိသည့် အဆောက်အအုံ ၅၅ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အဓိပ်ရာ အနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိထိရောက်ရောက် အလေးထားနှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။

၁၀၀

ဓာတ်အားလေလွင့်ပျောက်ဆုံးမှု လျော့နည်းကျဆင်းရေးနှင့် ဓာတ်အားခကြွေးကျန် လျော့နည်းကျဆင်းရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ရန်မှာကြား

ရန်ကုန် နိုဝင်ဘာ ၃

သဃ်နီးကျွန်း မြို့နယ်တွင် လစဉ် ဓာတ်အားပျောက်ဆုံးမှု ၁၅ ရာခိုင်နှုန်းကျော်ရှိနေပြီး စက်တင်ဘာလအတွင်း ယူနစ် ၄ ဒသမ ၂ သန်း ပျောက်ဆုံးခဲ့ကြောင်း စီစစ်တွေ့ရှိရသဖြင့် ဓာတ်အား လေလွင့်ပျောက်ဆုံးမှု လျော့နည်းကျဆင်းရေးနှင့် ဓာတ်အားခကြွေးကျန် လျော့နည်းကျဆင်းရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ရန် ရန်ကုန်လျှပ်စစ် ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် ယမန်နေ့နံနက်ပိုင်းက သဃ်နီးကျွန်းမြို့နယ် လျှပ်စစ်မန်နေဂျာရုံးတွင် ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် ဆွေးနွေးမှာကြားသည်။



ဆက်လက်၍ မီတာဖတ်စာရေးများနှင့် သီးခြားတွေ့ဆုံ၍ သဃ်နီးကျွန်းမြို့နယ်သည် ဓာတ်အားလေလွင့်ပျောက်ဆုံးမှု များပြားသည့် မြို့နယ်ဖြစ်သဖြင့် ဓာတ်အားပျောက်ဆုံးမှုကို ၁၀ ရာခိုင်နှုန်းအောက်သို့ လျော့ချနိုင်ရေး အတွက် တာဝန်ရှိသူအဆင့်ဆင့်က ထိရောက်စွာကြပ်မတ်ဆောင်ရွက်ရန်၊ မီတာဖတ်ရှုစဉ် ရပ်တန့်နေသည့်၊ ပျက်စီးနေသည့်၊ လည်ပတ်မှုနေးကွေးနေသည့် မီတာများနှင့် ပုံမှန်မဟုတ်သည့် မီတာများကို တွေ့ရှိပါက လျှပ်စစ်ပုံစံ ၂၉၀ ဖြင့် တာဝန်ရှိသူအဆင့်ဆင့်ထံ စနစ်တကျတင်ပြရန်၊ ပျမ်းမျှနှုန်းထားဖြင့် ဓာတ်အားခကောက်ခံနေရသည့် မီတာများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ အမြန်ဆုံး အစားထိုးတပ်ဆင်ရန်နှင့် ဝန်ထမ်းများအနေဖြင့် တရားမဝင် ဓာတ်အား ရယူသုံးစွဲမှုများတွင် ပါဝင်ပတ်သက်ခြင်း လုံးဝမရှိစေရေးတို့ကို မှာကြားသည်။

ထို့ပြင် ဥက္ကဋ္ဌနှင့်အဖွဲ့သည် ၃၃/၁၁-၆ ဒသမ ၆ ကေဗွီ သဃ်နီးကျွန်းမြို့နယ်ရုံး ဓာတ်အားခွဲရုံသို့ သွားရောက်၍ ဖီဒါတစ်ခုချင်းအလိုက် ဓာတ်အားဖြန့်ဖြူးထားမှု၊ မီတာဖတ်ရှုထားမှုနှင့် မီတာဖတ်မှတ်တမ်းကတ်များတွင် အချက်အလက်များ ရေးသွင်းထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဒေါပုံမြို့နယ်အတွင်းရှိ ဓာတ်အားသုံးစွဲမှုများပြားသည့် လုပ်ငန်းကြီးများသို့ သွားရောက်ကာ စီတီမီတာများ တပ်ဆင်အသုံးပြုထားမှု အခြေအနေများနှင့် မီတာဖတ်ချက်များ မှန်ကန်မှုရှိ၊ မရှိတို့ကို အသေးစိတ် ကွင်းဆင်းကြပ်မတ်စစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာ့အသံနှင့်ခွပ်မြင်သံကြား

၄-၁၁-၂၀၂၆ ပုဒ္ဓဟူးနေ့

MRTV HD

၀၆:၀၀ နိုင်ငံတော်သံယမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အမှုဆောင်နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အရာတော်များက ပရိတ်တရားတော်ရွတ်ဖတ်ပူဇော်ခြင်း
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၀ မြတ်ခိုးဖွယ်ကျေးဇူးရှင်များ
၁၀:၃၀ ရုပ်မြင်သံကြားဇာတ်လမ်း 'သန်းသစ်တောင်ရွာခြင်းလှပသောဘုရားတစ်ဆူ တန်ဖိုးသူများနှင့် ဘးထောက်အကူပြုသူများ'
၁၁:၂၀ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
၁၁:၃၀ လွှင့်တင်ရေးရာအစီအစဉ်
၁၂:၀၀ MRTV National News
၁၃:၃၀ Weekly Soccer Preview
၁၆:၃၅ မင်္ဂလာမျက်လင်းခြင်းလယ်ယာမြေ 'ဓာတုသုတန့်ဝေဖျက်ခြင်းတို့ခြစ်ဆေးဆုံစု' လင်းခုန်း'
၁၇:၀၅ ဂျပန်လို့မည်ပန်းတိုင်းဆီ
၁၇:၂၅ NEXT LEVEL
၁၇:၄၅ အမှိုက်မှသည်အာဟာရအဖြစ်သို့ သဘာဝမြေဩဇာ
၁၈:၃၅ သံစဉ်ဝဲဖြာစတီရီယိုတေးကဏ္ဍာ
၁၉:၀၀ လွှတ်တော်သတင်း
၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'စံဘိဝ်တဟ်ဖါ' (အပိုင်း-၀၅)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေသအခြေအနေ
၂၁:၀၀ လွှတ်တော်ရေးရာအစီအစဉ်
၂၁:၁၅ သံစဉ်ဖျံမြန်မာတေးအလှ
၂၁:၂၅ နိုဝါတ်တော်လာဇာတ်သဘင်ပဟာ 'ဥဒုမ္ဘရိဇာတ်' (ဒုတိယပိုင်း)

mitv

07:01 Evergreen Classic: Zambudipar (Shwe Yee Win)
07:09 Chef Life: Thanakrit Chamnongbutr
07:22 Broom Making Business
07:34 The High Reliability (GTI) Thanlyin for the Students Youths
08:01 News
08:26 The Promising Aquarium Fish Fish Farming in Myanmar
09:01 A Trip to Gyobyu Reservoir (Part-2)
09:20 Bo Cho Island, Makyonegalet
09:33 Discovering Tribes: Bwe

Me

၀၆:၀၀ အပွင့်၊ ဓမ္မပုဒ်တေးသီချင်းများ
၀၆:၂၅ ကာတွန်း 'ချစ်စရာသိုးသားစု' (အပိုင်း-၂၀)
၀၇:၁၅ မြန်မာဇာတ်လမ်းတွဲ 'ရွှင်ပြစ်သားသော ဘိဝ်တဟ်များ' (အပိုင်း-၃)
၀၈:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဟန်းဘင်းဘဲပြုန်းနှံ့ဘုန်း' (အပိုင်း-၂၅)
၀၈:၅၀ ရာဇာဃဇာဇာတ်တော်ကြီး (၀၀၀ပိုင်း)
၁၀:၃၅ ရာဇာဃဇာဇာတ်တော်ကြီး (၃၇၈ပိုင်း)
၁၁:၄၅ AFC Women's Champion's League Group(A)ဘောလုံးပွဲငါးပွဲ LIVE ထုတ်လွှင့်မှု [Ayeyawaddy FC (Myanmar) Vs INAC Kobe Leonessa FC (Japan)]

MRTV NRC

ချင်း (လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)
ချင်းရိုးရာတက်ဆူဆာလွယ်

ချင်း (ဆျိး) (၀၇:၀၀ မှ ၀၈:၀၀)
လေးမြားရိုးရှုပ်မြင်း

မွန် (၀၈:၀၀ မှ ၁၀:၀၀)
ပြိုးရူးမြိုက်ဘူးပြေးသောဓာတ်တော်

ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)
အရသာကျက်မော်ဒါးကဲ့သို့ကဘားကြော်

ရှမ်း (၁၂:၀၀ မှ ၁၃:၀၀)
ပင်လယ်ငယ်ကို နားဆိုရာဆီ

၀ (၁၃:၀၀ မှ ၁၆:၀၀)
မြင်းခွာရွက်နှင့်ကျန်းမာရေး

ကချင် (၁၆:၀၀ မှ ၁၈:၀၀)
လက်ကိုင်ဝန်းနှင့်ကျန်းမာရေး

ကယား (၁၈:၀၀ မှ ၂၀:၀၀)
အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ထဲက ခွေးရောဂါယားသို့ဆားအိမ်ဂါးလေး

ဗမာကရင် (၂၀:၀၀ မှ ၂၂:၀၀)
စပ်လဲလျက်ခွန်သို့အလည်ထစ်ခေါက

ဆနောက်ဖိုးကရင် (၂၂:၀၀ မှ ၂၂:၀၀)
ကရင်စာပေတေးသွားကြာရှေ့နောင် (အပိုင်း-၂၀)

ဆရွေ့ဖိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)
ကရင်ရိုးရာအထည်ထိုင်မှန်းအဝတ်အစားများ

MRTV NEWS

၀၆:၀၀ အပွင့်၊ တေးသီချင်း
၀၆:၀၅ လူမှုလှုပ်ရှားမှုအားကစား
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၃:၀၀ MRTV National News
၁၆:၀၀ သတင်းမုဒ်ကဏ္ဍ (LIVE)
၁၈:၁၅ ဂရုပယိုဒ်ဟန်းစ်
၁၉:၄၅ နေ့စဉ်သန်းခေါင်ပိုင်းတတ် (Razor)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
၂၀:၄၅ Festivals Around The World
၂၁:၄၅ လွှတ်တော်ရေးရာအစီအစဉ်

MRTV PARLIAMENT

၀၇:၀၀ အပွင့်၊ အသံ
၀၇:၃၀ လွှတ်တော်ရေးရာအစီအစဉ် (Replay)
၀၇:၅၅ တတိယအကြိမ်ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းဝေး (၂၀)ရက်မြောက်နေ့တိုက်ရိုက်ထုတ်လွှင့်မှု
၁၇:၀၀ လွှတ်တော်သတင်း (၄-၁၁-၂၀၂၆)

MRTV FARMERS

၀၆:၀၀ အပွင့်၊ နိုင်ငံတော်သီချင်း
၀၆:၁၂ တောင်ယာလယ်သမားရေးရာသတင်း
၀၆:၂၅ နိုင်ငံရိမ့်းမြင့်မားအဆိုတော်ဝန်းမှ MSME လုပ်ငန်းများအားပေးမြှင့်တင်ဆောင်ရွက်ပေး
၀၈:၀၀ တောလက်ဖွဲ့ရုက်
၀၉:၀၀ ဘေးထက်လည်ပတ်ဝင်ထွက် ထုတ်ကုန်တို့များမြန်မာများ
၁၀:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဟယ်ဖြိုပြု' (အပိုင်း-၆)

MRTV SPORTS

၀၆:၀၀ အပွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းမြတ်ကြယ်
၀၆:၄၅ Sports Diary
၀၇:၀၀ အားကစားသတင်း
၀၇:၃၀ Weekly MNL Review
၁၀:၄၅ AFC Women's Champion's League Group(A)ဘောလုံးပွဲငါးပွဲ LIVE ထုတ်လွှင့်မှု [Ayeyawaddy FC (Myanmar) Vs INAC Kobe Leonessa FC (Japan)]

Scan Here
MRTV MRTV MRTV Radio MRTV Radio
Education Channel

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ပျဉ်းမနားမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ



နေပြည်တော် နိုဝင်ဘာ ၃

သမိုင်းစဉ်ကာလတစ်လျှောက်တွင် နိုင်ငံ့ဂုဏ်တင့်စေရန် အားထုတ်ကြိုးပမ်း မြှင့်တင်ပေးခဲ့ကြသည့် ရှေးမြန်မာမင်းများ၊ ခေတ်အဆက်ဆက်ပေါ်ထွန်းခဲ့ကြသည့် သူရဲကောင်းများ၊ သူ့ကျွန်မခံတွန်းလှန်ခဲ့ကြသည့် မျိုးချစ်ခေါင်းဆောင်ကြီးများ၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလနှင့် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းတွင် နိုင်ငံ့အရေးအတွက် စွန့်လွှတ်ပေးဆပ်မှုများဖြင့် အားထုတ်ကြိုးပမ်းခဲ့ကြသည့် တပ်မတော်သားများ၏ ဂုဏ်ယူဖွယ်ရာ စွမ်းဆောင်ချက်များအား မြင်တွေ့လေ့လာမှုများမှတစ်ဆင့် လူငယ်လူရွယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာပြီး နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များ တိုးတက်ဖြစ်ထွန်းလာစေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော်(လေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက်အသုံးပြုခဲ့သည့် တပ်မတော်လေယာဉ်များနှင့် တပ်မတော်(ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ထို့နောက် တပ်မတော်(ကြည်း)ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်း ရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် မုန့်များ ပေးဝေကြသည်။

ယင်းနောက် ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက်ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာ၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဥဇာတ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ မေးခွန်းများကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြပြီး ပြတိုက် တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ရင်းရင်နှီးနှီး လိုက်လံနှုတ်ဆက်ကြကြောင်း သိရသည်။

သတင်းစဉ်



ကြိုပင်ကောက်မြို့နယ်၌ စားအုန်းဆီ(အရန်ဆီ) သိုလှောင်ထားရှိမှု တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

ကြိုပင်ကောက် နိုဝင်ဘာ ၃

ပဲခူးတိုင်းဒေသကြီး ကြိုပင်ကောက်မြို့နယ်တွင် အယ်လ်နီညိုရာသီဥတုဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကုန်စည်ပြတ်လပ်မှုနှင့် ဈေးနှုန်းကြီးမြင့်မှုဒဏ်ကို ကြိုတင်ကာကွယ်နိုင်ရန် စားအုန်းဆီ(အရန်ဆီ)များကို စနစ်တကျစုဆောင်း သိုလှောင်ထားရှိမှုအား တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ကြိုပင်ကောက်မြို့နယ်တွင် စားအုန်းဆီ(အရန်ဆီ) ၁၄၀၃ ပိသာအား သီခြားဂိုထောင်ဖြင့် သိုလှောင်ထားရှိသွားမည်ဖြစ်ကြောင်း ယနေ့အထိ ၈၂၆ ပိသာ သိုလှောင်ထားရှိပြီး လာမည့်လ ဆီခွဲတမ်းတွင် ၁၄၀၃ ပိသာအပြည့် သိုလှောင်ထားရှိသွားမည်ဖြစ်ကြောင်း၊ မြို့ပေါ်ရပ်ကွက်များတွင် တစ်အိမ်ထောင်လျှင် စာအုန်းဆီ နှစ်ပိသာနှုန်း ကျေးရွာများမှ အိမ်ထောင်စုများအား တစ်ပိသာ ငါးဆယ်သားနှုန်းဖြင့် ဖြန့်ဖြူးပေးနေမှုကိုလည်း လစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်ရီရီရိုန်ထံမှသိရသည်။

ဓေယျာထွန်း(ကြိုပင်ကောက်)



ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းခဲ) သင်တန်း (၁/၂၀၂၆)ကို နိုဝင်ဘာ ၂ ရက်က ဝမ်ပိန်းကျေးရွာအုပ်စု ပန်လင်းဆိုင်ကျေးရွာရှိ မတ်ကျန်းဌာနေ ပြည်သူ့စစ် ပြည်သူ့ဆက်ဆံရေးရုံးခန်းမ၌ ဖွင့်လှစ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေမျိုးထွန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားစဉ်။

သူရအောင်(နမ့်စန်)

❍ အဲဗာတန်မှ

အဲဗာတန်အသင်းဟာ အောက်တိုဘာ ၂၉ ရက်ကလည်း ကာရာဘောင်ဖလားပွဲစဉ်မှာ နယူးကာဆယ်အသင်းကို သုံးဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာလည်းဖြစ်ပါတယ်။

အဲဗာတန်အသင်းအနေနဲ့ နယူးကာဆယ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ် ပွဲစဉ်(၉) ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၁၃ မှတ် စုဆောင်းနိုင်ခဲ့ကာ အမှတ်ပေးဇယားအဆင့်(၇)နေရာသို့ တက်လှမ်းနိုင်ခဲ့တာဖြစ်ပါတယ်။ နယူးကာဆယ်အသင်းကတော့ အဲဗာတန်အသင်းကို ရှုံးနိမ့်ခဲ့ခဲ့လို့ အမှတ်ပေးဇယားအဆင့်(၁၃)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

ဒွေကြေယ်

M League (မြန်မာလိဂ်) နှင့် Bee Care - Energy Gel တို့ Official Digital Partnership လက်မှတ်ရေးထိုး

ရန်ကုန် နိုဝင်ဘာ ၃



မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာလိဂ်ကော်မတီနှင့် Bee Care – Energy Gel တို့အကြား ၂၀၂၆ – ၂၀၂၇ ဘောလုံးရာသီအတွက် Official Digital Partnership ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို နိုဝင်ဘာ ၃ ရက်က သုဝဏ္ဏဘောလုံးကွင်း ပထမထပ်ရှိ သတင်းစာရှင်းလင်းပွဲခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာလိဂ်ကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) နှင့် အမှုဆောင်အရာရှိချုပ် ဦးကိုကိုသိန်းက အမှာစကား ပြောကြားပြီး Bee Care – Energy Gel အမှုဆောင်ဒါရိုက်တာ ဒေါက်တာဟိန်းသူအောင်က ပံ့ပိုးကူညီရသည့် အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် နှစ်ဖက် တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကာ စုပေါင်းအမှတ်တရဓာတ်ပုံရိုက်ကူးခဲ့ကြသည်။

Bee Care – Energy Gel သည် Chiang Mai University ၏ Smart Bee Team နှင့် Smile Happy Co., Ltd. တို့ ပူးပေါင်း၍ သိပ္ပံနည်းကျ သုတေသနပြု ဖန်တီးထုတ်လုပ်ထားသည့် ပျားရည်အခြေခံ Energy Gel ထုတ်ကုန်တစ်မျိုးဖြစ်သည်။ အဆိုပါ ထုတ်ကုန်ကို အားကစားသမားများအနေဖြင့် လေ့ကျင့်ရေးနှင့် ပြိုင်ပွဲ ယှဉ်ပြိုင်နေစဉ်အတွင်း လိုအပ်သည့် ကာဗိုဟိုက်ဒရိတ် စွမ်းအင်ကို ဖြည့်တင်းပေးနိုင်ရန် ရည်ရွယ် ထုတ်လုပ်ထားခြင်းဖြစ်ပြီး ဘောလုံး၊ မာရသွန်နှင့် စက်ဘီးစီးခြင်းကဲ့သို့ အချိန်ကြာမြင့်စွာ အားစိုက်လှုပ်ရှားရသည့် အားကစားများအတွက် အသုံးပြုနိုင်သည့် အားကစား အာဟာရထုတ်ကုန်စာစိမ်မျိုးလည်း ဖြစ်သည်။

Bee Care Energy Gel ကို M League ပြိုင်ပွဲဝင် ကလပ်အသင်းများနှင့် မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲဝင် ကလပ်အသင်းများအား ပြိုင်ပွဲ ကစားနေစဉ်အတွင်း ပံ့ပိုးပေးသွားမည်ဖြစ်သည်။

သတင်း - ရွှိုင်းထက်ဇော်

ဓာတ်ပုံ - M-League

ရန်ကုန်မြို့၌ IKO Myanmar Kata & Kumite Championships 2026 ပြိုင်ပွဲများ ကျင်းပ



ရန်ကုန် နိုဝင်ဘာ ၃

IKO MYANMAR (International Karate Organization Myanmar)က ကြီးမှူးကျင်းပသော IKO Myanmar Kata & Kumite Championships Yangon 2026 ပြိုင်ပွဲကြီးကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ လှိုင်မြို့နယ် MICT Park, Hlaing University Campus ၌ ကျင်းပသည်။

ဦးစွာ IKO MYANMAR မှ တာဝန်ခံ ဦးမင်းလွင်က အမှာစကားပြောကြားသည်။

ထို့နောက် သက်ငယ်တန်း၊ အသက် ၁၈ နှစ်အထက်ကစားရသည့် သက်ကြီးတန်းဟူ၍ ယှဉ်ပြိုင်ခဲ့ပြီး အတန်း ၁၆ တန်း ပါဝင်ကာရန်ကုန်မြို့မှ အသင်း ၁၂ သင်း၊ အမျိုးသား အမျိုးသမီး ကုမိတဲ့ပြိုင်ပွဲတွင် ကစားသမား ၁၇၀၊ ခတပြိုင်ပွဲတွင် ၁၄၀ စုစုပေါင်း ၃၀၀ ကျော် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲများအပြီးတွင် သက်ငယ်တန်း၊အသက် ၁၈ နှစ်အထက်တွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသော အားကစားသမားများအား International Karate Organization Myanmar(IKO) မှ တာဝန်ရှိသူများက ဆုတံဆိပ်များ ချီးမြှင့်ကြသည်။

IKO MYANMAR မှ အားကစားသမားများသည် ဂျပန်နိုင်ငံတွင် ၂၀၂၇ ခုနှစ် မေလတွင် ကျင်းပမည့် နိုင်ငံတကာ ကရာတေးပြိုင်ပွဲသို့ အသက် ၁၈ နှစ်အောက် ကီလိုတန်းလိုက် အမျိုးသားငါးဦး၊ အမျိုးသမီးနှစ်ဦး ဝင်ရောက် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဗလ

❂ ၂၀၂၆ ခုနှစ်မှ

ဘိလိယက်နှင့် စနူကာပြိုင်ပွဲ”ကို ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ဆက်လက်ကျင်းပသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား/အမျိုးသမီး စနူကာ 6-Red၊ စနူကာ 15-Red၊ 9 Ball Pool နှင့် ဘိလိယက်ပြိုင်ပွဲများကို ယှဉ်ပြိုင်ခဲ့သည်။

အမျိုးသားပြိုင်ပွဲ ပွဲစဉ်များအဖြစ် စနူကာ 15-Red ပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးအသင်းမှ ကောင်းဇံထက်က မွန်ပြည်နယ်အသင်းမှ ရဲရင့်မှူးကို ရလဒ်သုံးပွဲ -နှစ်ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ နိုင်ဝင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းမှ သန့်ဇော်ထွန်းကိုရလဒ်သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ အောင်ညီညီမောင်က ရှမ်းပြည်နယ်အသင်းမှ ကမ္ဘာလင်းကို ရလဒ် သုံးပွဲ -နှစ်ပွဲဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ မာန်ဟိန်းကျော်က ပဲခူးတိုင်းဒေသကြီးအသင်းမှ ငြိမ်းပြည့်ဖြိုးကိုရလဒ်သုံးပွဲ -နှစ်ပွဲဖြင့်လည်းကောင်း၊ စနူကာ 6-Red ပြိုင်ပွဲတွင် ကချင်ပြည်နယ်အသင်းမှ ကိုကိုချစ်က ရန်ကုန်တိုင်းဒေသကြီးအသင်းမှ အောင်နိုင်စိုးကို ရလဒ်လေးပွဲ - သုံးပွဲဖြင့်လည်းကောင်း၊ ချင်းပြည်နယ်အသင်းမှ သျှံထွန်းအောင်က ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ကျော်စွာလင်းကို ရလဒ်လေးပွဲ - နှစ်ပွဲဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ မင်းစည်သူထွန်းက ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ရဲထွဋ်နိုင်ကို ရလဒ်လေးပွဲ - နှစ်ပွဲဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ သူရဇော်က ရှမ်းပြည်နယ်အသင်းမှ ဖိုးအိဂိုကို ရလဒ်လေးပွဲ - သုံးပွဲဖြင့်လည်းကောင်း၊ 9 Ball Pool ပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းမှ စိုင်းကွမ်မိုင်းက ကချင်ပြည်နယ်အသင်းမှ အောင်မြင့်ကို ရလဒ်ကိုးပွဲ -ခုနစ်ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ အောင်ဖြိုးက စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ခန့်မင်းထွန်းကို ရလဒ်ကိုးပွဲ - ခုနစ်ပွဲဖြင့်လည်းကောင်း၊ ဘိလိယက်ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ကျော်စွာဝင်းက ချင်းပြည်နယ်အသင်းမှ ဇော်လင်းနက်ကို ရလဒ်သုံးပွဲ - ပွဲမရှိဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ ဝင်းကိုကိုက စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ သီဟစိုးကို ရလဒ်သုံးပွဲ-ပွဲမရှိဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ အမျိုးသမီးပြိုင်ပွဲ ပွဲစဉ်အဖြစ် စနူကာ 6-Red ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းမှ ဖြူစင်အောင်က ရန်ကုန်တိုင်းဒေသကြီးအသင်းမှ စန်းစန်းဇော်ကို ရလဒ်သုံးပွဲ - ပွဲမရှိဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ အေမီအောင်က ရှမ်းပြည်နယ်အသင်းမှ အေးအေးမြတ်ကို ရလဒ်သုံးပွဲ - ပွဲမရှိဖြင့်လည်းကောင်း၊ 9 Ball Pool ပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းမှ ခေါန်ဆန့်က မကွေးတိုင်းဒေသကြီးအသင်းမှ နွယ်နီလင်းကို ရလဒ်ငါးပွဲ-လေးပွဲဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းမှ ဝင်းမာလာအောင်က ချင်းပြည်နယ်အသင်းမှ တင်မျိုးလှိုင်ကို ရလဒ်ငါးပွဲ-ပွဲမရှိဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အသင်းမှသက်ဝါဝင်းက ချင်းပြည်နယ်အသင်းမှ ခင်စန္ဒီလွင်ကို ရလဒ်ငါးပွဲ-သုံးပွဲဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းမှ သန္တာတိုးအောင်က မကွေးတိုင်းဒေသကြီးအသင်းမှ မေချောကို ရလဒ်ငါးပွဲ - လေးပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

နိုဝင်ဘာ ၄ ရက် နံနက် ၁၀ နာရီ မှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ် ဘိလိယက်နှင့်စနူကာ ပြိုင်ပွဲ ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို “အခမဲ့”လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

✭ M-League မှ

ရန်ကုန်စီးတီးအသင်းသည် ရှမ်းယူနိုက်တက်အသင်းကို နှစ်ကျော့စလုံး အနိုင်ကစားခဲ့ခြင်းဖြစ်သည်။ ၆၁ မိနစ်တွင် ထွန်းလင်းအောင်က ရန်ကုန်စီးတီးအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူသော်လည်း ၈၁ မိနစ်တွင် မျိုးမင်းခန့်က ရှမ်းယူနိုက်တက်အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ ရန်ကုန်စီးတီးအသင်းအတွက် အနိုင်ဂိုးကို ၉၀+၁ မိနစ်တွင် ထက်အာကာဝင်းက သွင်းယူခဲ့သည်။

တောင်ဒဂုံကွင်း၌ ကျင်းပသည့်ပွဲတွင် သစ္စာအားမာန်အသင်းနှင့် Chinland အသင်းတို့ ဂိုးမရှိသရေကျခဲ့သည်။ အမှတ်ပေးဇယားအောက်ဆုံးမှ Chinland အသင်းအတွက် တတိယမြောက် ရမှတ်ရယူနိုင်သည့်ပွဲဖြစ်ပြီး သစ္စာအားမာန်အသင်းမှာမူ ယခုရာသီ ပထမဆုံးလည်ရှိုင်းရစ်နှင့် ကျင်းပသော ဝင်ရန် ရှုံးနိမ့်ခံရခြင်းမဟုတ်ဘဲ။ ယခုရာသီ ရလဒ်ကောင်းများဖြင့် ထိပ်ဆုံးခုနစ်သင်းအတွင်း ဝင်ရန် ရုန်းကန်ရတော့မည်ဖြစ်သည်။

ပွဲစဉ် (၂၂) နောက်ဆုံးနေ့ကို နိုဝင်ဘာ ၄ ရက်တွင် ဗဟန်းကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး Falcon အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-M-League

✻ ကျောဖုံးမှ

အမြန်မစ်ချိန် ၆၁ ကီလို၊ နှစ်ဆင့်မစ်ချိန် ၈၁ ကီလိုနှင့် စုစုပေါင်းစံချိန် ၁၄၂ ကီလိုဖြင့် ဒုတိယ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ မေလွဲ့လွဲ့ဝင်းလှိုင်က အမြန်မစ်ချိန် ကီလို ၆၀၊ နှစ်ဆင့်မစ်ချိန် ၈၁ ကီလိုနှင့် စုစုပေါင်းစံချိန် ၁၄၁ ကီလိုဖြင့် တတိယရရှိခဲ့သည်။

ဆက်လက်၍ အမျိုးသား(၅၅)ကီလိုတန်းပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ဝေယံဖြိုးက အမြန်မစ်ချိန် ကီလို ၁၀၀၊ နှစ်ဆင့်မစ်ချိန် ၁၃၆ ကီလိုနှင့် စုစုပေါင်း စံချိန် ၂၃၆ ကီလိုဖြင့် ပထမ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ရှိုင်းညီညီက အမြန်မစ်ချိန် ကီလို ၁၀၀၊ နှစ်ဆင့်မစ်ချိန် ၁၃၅ ကီလိုနှင့် စုစုပေါင်းစံချိန် ၂၃၅ ကီလိုဖြင့် ဒုတိယ၊ တနင်္သာရီတိုင်းဒေသကြီးအသင်းမှ ဇင်မင်းအောင်က အမြန်မစ်ချိန် ၉၅ ကီလို၊ နှစ်ဆင့်မစ်ချိန် ၁၃၁ ကီလိုနှင့် စုစုပေါင်းစံချိန် ၂၂၆ ကီလိုဖြင့် တတိယရရှိခဲ့သည်။ ယနေ့ပြိုင်ပွဲ၏ အမျိုးသား(၅၅)ကီလိုတန်းပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ဝေယံဖြိုးသည် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်မှ သတ်မှတ်ထားသည့် ပြည်နယ်နှင့် တိုင်းဒေသကြီး နှစ်ဆင့်မပြိုင်ပွဲ၏ စံချိန် ၁၃၄ ကီလိုထက် ကျော်လွန်၍ ၁၃၆ကီလို ဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီး၏ စံချိန်သစ်တင်နိုင်ခဲ့သည်။

နိုဝင်ဘာ ၄ ရက် နံနက် ၁၀ နာရီမှစတင်၍ တိုင်းဒေသကြီးနှင့်ပြည်နယ် အလေးမပြိုင်ပွဲ (အမျိုးသား/အမျိုးသမီး) ကီလိုတန်းအလိုက် အမြန်မပြိုင်ပွဲနှင့် နှစ်ဆင့်မပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပသွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို “အခမဲ့” လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

ဒေါ်စန်းလေး(AA-၁၃၉၉၆၀)အား အကြောင်းကြား အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ မိုးမခလမ်း၊ အမှတ်(၃၄၇)ဟု ခေါ်တွင်သည့်မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ မြေကွက်အမှတ်(၃၄၇)၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)၊ ဧရိယာ(၀.၀၅၅) ဧကရှိ နှစ်(၆၀)ဂရန်မြေသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် လူကြီးမင်းဒေါ်စန်းလေး(AA-၁၃၉၉၆၀)[၁၂/ကမတ (နိုင်)၀၁၈၇၉၀]အမည်ဖြင့် မှတ်သားတည်ရှိပြီး လူကြီးမင်းထံမှ အဆိုပါမြေနှင့်အိမ်ကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မျိုးညွန့်ဝင်း [၂/လကန(နိုင်)၁၁၅၄၀၉]မှ ဝယ်ယူပိုင်ဆိုင်ထားပြီး ယခုအခါ အဆိုပါမြေနှင့်အိမ်အား အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် လိုအပ်နေသည့်အတွက် လူကြီးမင်းမှ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့နောက်ဆုံးထား၍ လာရောက်ချုပ်ဆိုဆောင်ရွက်ပေးရန်နှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ဆောင်ရွက်ပေးခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူကြီးမင်းအား အကြောင်းကြား အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်စုစုမွန် [LL.B,D.B.L,D.I.L,D.I.P.L,DL-101WIPO(Switzerland)]
[တရားလွှတ်တော်ရှေ့နေ] (စဉ်-၁၃၄၉၆)
အမှတ် - ၃၀၂(၁၂+၁)၊ Parami Condominium၊
ဦးသင်းဖေလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၇၉၉၆၆၄၅၅၇၊ ၀၉-၇၈၁၅၃၅၈၂၄၊ ၀၉-၅၀၄၉၁၇၄

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ ကသစ်လမ်း၊ မြေကွက်အမှတ်(၁၁၉)၊မြေ အကျယ်အဝန်း(၄၀x၆၀)ပေရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးရွှေဟန်(Q/RGN-၀၀၄၄၁၂) အမည်ပေါက်မြေချပါမစ် မူရင်း၊ နှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ် အဆက်ဆက်မူရင်းများနှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော စာရွက်စာတမ်းမူရင်းများဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်မြမြချို[၁၂/မဂဒ(နိုင်)၁၂၀၁၄၆]မှ အရှုပ်အရှင်းကင်းစွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံအဆိုပြု၍ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ဖြူသဲချို[၁၂/ဒဂမ(နိုင်)၀၄၇၄၄၁]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးအပ်ပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုး သက်ဆိုင်သူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း စာရွက်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ပြည့်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ ဒေါ်ဖြူသဲချို၏ လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ဒေဝီ (LL.B)	**ဒေါ်ကြည်ဖြူသန့်(LL.B)**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**
(စဉ်-၅၃၄၃၁/၂၀၂၀)	**(စဉ်-၅၃၆၂၁/၂၀၂၀)**

အမှတ်(၉၁၃)၊ ရေသန့်လမ်း၊ (၁၃၁)ရပ်ကွက် ၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၇၉၃၀၆၀၅၀၈၊ ၀၉-၉၆၇၆၂၆၈၁၂

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၂ ရပ်ကွက်၊ အကွက်အမှတ်-(ဆ-၃)၊ ဦးပိုင်အမှတ် (၂၄)၊ ၇၀ လမ်း၊ ၁၀၇x၁၀၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သော ဦးစိုးအောင်၊ ဒေါ်ချောသက်ဝေ (ခ) CHRISTINE တို့ (၂)ဦးအနက် ဦးစိုးအောင် ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၁၃၁၃/၂၀၂၆) ဖြင့် အမွေဆက်ခံခဲ့သော ဓနိုးဖြစ်သူ ဒေါ်ချောသက်ဝေ (ခ) CHRISTINE [၉/မရမ(နိုင်) ၀၇၉၇၇၅]က အမွေတွဲအမှတ် (၃၃၃၄/၂၀၂၆-၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြမြေစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် (မ-၂၇)၊ ဦးပိုင်အမှတ် (၃၂)၊ ၄၂x၄၃ ကြား၊ ၅၈x၅၉ လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဗိုလ်ကြီးကျော်ဝင်းထံမှ အပေးစာချုပ်အမှတ် (၇၆၇/၁၉၉၄)ဖြင့် လက်ခံခဲ့သူ ဦးမောင်ကို၏ (SP ရရှိသူ ဦးအောင်ကျော်မိုး)ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၁၁၂၈/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ငြိမ်းသူ [၉/မရတ(နိုင်) ၁၀၂၄၀၂]က တောဂရန်စာချုပ်နှင့်အတူ အမွေတွဲအမှတ် (၃၂၂၂/၂၀၂၆-၂၀၂၇)ဖြင့် တောမှမြို့ပြောင်း သက်တမ်းတိုး၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြမြေစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

